
စိတ်ကူးချိုချိုအနုပညာ

# အောက်မေ့ဖွယ် ဟာသဝတ္ထုများ

## (၇)



mgyoe.com

မောင်ညစ်ကျယ်(လက်ပံတန်း)၊
အောင်မြင်၊ မိုးဟိန်း၊ မောင်သော်က၊
သောင်းထိုက်၊ ဇင်အောင်၊
ကြွက်ကလေး၊ မန်းတင်၊
သော်တာဆွေ၊ သာကဒိုး၊
မာလာ၊ ရန်အောင်၊
အောင်မလ နှင့်
အကြောကြေးတို့၏
ရယ်ရွှင်ဖွယ်နှင့်
အသောအထေ့ဝတ္ထုများ
စုစည်းမှု (၇)



# အောက်မေ့ဖွယ်
# ဟာသဝတ္ထုများ
## (၇)

kls0084
2500.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။
မျက်နှာဖုံးပန်းချီ - ကိုရွှေထူး
၂၀၁၄၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

အောက်မေ့ဖွယ်ဟာသဝတ္ထုများ(၇)
မောင်ညစ်ကျယ်(လက်ပံတန်း) နှင့် အခြား - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊
စာမျက်နှာ ၂၃၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အောက်မေ့ဖွယ်ဟာသဝတ္ထုများ(၇)

မောင်ညစ်ကျယ်(လက်ပံတန်း)၊ အောင်မြင်၊
မိုးဟိန်း၊ မောင်သော်က၊ သောင်းထိုက်၊ ဇင်အောင်၊
ကြပ်ကလေး၊ မန်းတင်၊ သော်တာဆွေ၊
သာကဒိုး၊ မာလာ၊ ရန်အောင်၊
အောင်ဗလ၊ အီကြာကွေး။

ဗဓဓမအကြိုမိ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | တက္ကသိုလ်မှသရဲချောက်မှုကြီး | မောင်ညစ်ကျယ် (လက်ပံတန်း) | ၁ |
| ၂။ | လိုင်လိမ်သူ | အောင်မြင် | ၁၁ |
| ၃။ | တိုက်ဂါး၊ သီတာနှင့်ကဗျာတစ်ပုဒ် | မိုးဟိန်း | ၂၈ |
| ၄။ | မောင်သော်ကနှင့်ထူးဆန်းသောမီးခွက် | မောင်သော်က | ၅၄ |
| ၅။ | ဟောက်သလေလေ့ | သောင်းထိုက် | ၆၉ |
| ၆။ | ဓားပြဗိုလ်ကြီး ဗိုလ်ရွှေသီး | ဇင်အောင် | ၇၈ |
| ၇။ | ကြောင်တောင်တော် | ကြပ်ကလေး | ၉၂ |
| ၈။ | တွေ့ပြီတွေ့ပြီ | မန်းတင် | ၁၁၁ |
| ၉။ | အပူအအေး | သော်တာဆွေ | ၁၃၂ |
| ၁၀။ | မယားငယ်ယူနည်း သင်တန်းကြီး | သာကဒိုး | ၁၇၇ |
| ၁၁။ | ချစ်ကြစမ်းပါ | မာလာ | ၂၀၀ |
| ၁၂။ | မျက်လှည့်ဆရာ | ရန်အောင် | ၂၀၈ |
| ၁၃။ | ကမြင်းမ မိပန်း | အောင်ဗလ | ၂၁၆ |
| ၁၄။ | ရွှေစွန်ညို ကယ်ပေလို့ပေါ့ | အိကြာကွေး | ၂၂၂ |


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# တက္ကသိုလ်မှ သရဲခြောက်မှုကြီး

မောင်ညစ်ကျယ်(လက်ပံတန်း)

တက္ကသိုလ်ကျောင်းတော်ကြီးကား ကျောင်းဖွင့်ချိန်နီးသောအခါ ကျောင်းတော်မဟာသို့ ပြန်လာကြသော ကျောင်းသားများကြောင့် အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ ပဲခူး၊ သထုံစသော ဗဟိုကျောင်းဆောင်များနှင့် ရွှေဘို၊ ဒဂုန်(ယခင်က ဉတ္တရနှင့် ဝယ်လင်တန်)ဆောင်များ၊ အင်ဂျင်နီယာများနှင့် ဆရာများကို မွေးထုတ်ရာပြည်နှင့်တကောင်းဆောင်များတွင် ခုံဖိနပ်သံ၊ ဆူသံ၊ ရယ်သံ၊ ရေချိုးခန်းထဲမှအသံဝိဇ္ဇာတို့၏အသံများဖြင့် သာယာစိုပြည်စပြုလေပြီ။

ထို့ပြင် လုပ်လဲ့လုပ်လီ ဟန်မူချို၍ ပလီပလာ တီတီတာတာပြောပြီး မနောခွေ့သဘောတွေ့အောင် ဆောင်ရွက်နိုင်စွမ်းရှိသူအပျိုဖြူများ၊ မပျို တပျို့များ၊ (အင်း...သူတို့က အပျိုမဖြစ်ကြသေးဘူးလေ)အပြိုများ (စာလုံးပေါင်းသည်းခံပါခင်ဗျာ)သာ နေလေ့ရှိသော အင်းလျားနှင့်ဘင်တန်(ယခု သီရိ)ဆောင်များမှာလည်း မော်တော်ကားမျိုးစုံတို့၏ အသံ၊ ရယ်သံ၊ မောသံ၊ ချွဲသံ၊ (အဲ...ဘာသံများကျန်သေးပါလိမ့်၊ ကြားတဲ့လူများရှိရင် ပြောစမ်းပါဦး ဘာဗျ။ အင်း...ဩော် အတင်းပြောသံလည်းပါတယ်...

mgyoe.com

mgyoe.com

ဟုတ်ကဲ့။ ကျွန်တော်တော့ မကြားမိပါလား။ ဟဲဟဲ)စသော အသံမျိုးစုံ တို့ဖြင့် တန်ဆာဆင်လျက် အသက်ဝင်စပြုပါပြီ။ ကျွန်တော့် ဝတ္ထုလေးက တော့ အထက်ပါ ကျောင်းတော်ကြီး အသက်ဝင်စပြုတဲ့အချိန်မှာ အစပြုပါ တယ် ခင်ဗျာ။

အင်း...မနှစ်က ၁၉၅၃–ခုနှစ် ကျောင်းစဖွင့်တဲ့အချိန်မှာ ကျွန်တော်တို့ တစ်တွေဟာ ဤလည်းတစ်ဒုက္ခအဖြစ်ဆန်းကလေးကို ကြုံတွေ့ခဲ့ကြရပါ တယ်။ အဖြစ်အပျက်ကတော့ ဒီလိုပါခင်ဗျာ၊ အစကနေ ဇာတ်ကြောင်းကို လှန်ရရင် ကျွန်တော်တို့တစ်တွေနေတဲ့ နေရာကတော့ ဗဟိုကျောင်းဆောင် များအနက် တစ်ခုအပါအဝင်ဖြစ်တဲ့ ကျောင်းဆောင်တစ်ဆောင်ရဲ့အလယ် ထပ် ကျောင်းမျက်နှာစာ အလယ်လှေကားကြီး၏ဘယ်ဘက်မှာရှိတဲ့ အတန်းရဲ့ထောင့်ဆုံးအခန်း ၂ ခန်း(ဟိုဘက်ထောင့်နှင့် ဒီဘက်ထောင့်ပေါ့ ဗျာ၊ ကြားထဲမှာ အခန်း ၆ ခန်းတိတိခြားပါတယ်) ရယ်၊ အလယ်လှေကား ထိပ်ကနေပြီးကြည့်ရင် ၃ ခန်းမြောက်အခန်းရယ်၊ ကျွန်တော်တို့ နောက် တန်းက အခန်းတစ်ခန်းရယ် ပေါင်း အခန်း ၄ ခန်းမှာပဲ ခင်ဗျာ့။ (အဲ...စာရှုသူများ နားမရှင်းရင်တော့ ကျွန်တော်စာရေးပုံရေးနည်း ညံ့လို့သာ ဖြစ်မှာပါပဲလေ) ကျွန်တော်တို့ လူစုကတော့ များများမဟုတ်ပါဘူး။ ၅ ယောက်တည်းပါ။ ကျွန်တော် မောင်ညစ်ကျယ်နဲ့အတူနေသူ ကိုလာဘော်တို့က တော့ အလယ်လှေကားရဲ့ ဘယ်ဘက်မှာ ကပ်နေတဲ့ထောင့်ခန်းမှာ နေပါ တယ်။ (ကိုလာဘော်ဆိုတဲ့နာမည်က နည်းနည်းဆန်းလေတော့ အကျယ် ရှင်းဖို့လိုပါတယ်၊ သူ ဒီနာမည်ရခဲ့ခြင်းဟာလည်း အင်မတန် ပစ္စလက်ခတ် နေလေ့ရှိလို့ လဘောသရေနိုင်တယ်ဆိုပြီး 'လာဘော်'လို့ သူငယ်ချင်းက ဝိုင်းပြီး အမည်မှည့်ကြတာပဲခင်ဗျ။ လာဘော်ဆိုတာ လာဘဆိုတဲ့ စကားကဆင်းသက်လာတာ မဟုတ်လို့ 'လာဘ်'ပေါတဲ့ လူလည်း မဟုတ် ဘူးခင်ဗျာ့၊ စသုံးလုံးနဲ့တွေ့မှာစိုးလို့ ရှင်းနေရတာပါ) မောင်ညစ်ကျယ် ဆိုတာကတော့ ညစ်ကျယ်ကျယ် ပြောတတ် ဆိုတတ် လုပ်ကိုင်တတ်လို့ပဲ မှတ်ကြပါနော်။

အဲကျွန်တော်တို့နဲ့ ၆ တန်းတိတိ ခြားနေတဲ့ ဟိုဘက်ထောင့်စွန်းက အခန်းမှာတော့ ကွမ်းခြံကုန်းရွာ (မင်းသုဝဏ်ရေးတဲ့ ကဗျာထဲက ရွှေခြံဂါမ

mgyoe.com

m gyoe


ဆိုတာကို အတည်ပြုပြီးရေးထားတာကို ငြင်းမယ်မကြံနဲ့နော်)က လာရောက်ပညာသင်နေတဲ့ ဘုရားအလောင်း၊ အဲလေ ယောင်လို့ အလောင်းဘုရားဆိုသူ နေပါတယ်။ သူက ကဗျာဆန်ဆန် အလောင်းဘုရားရဲ့ နာမည်တစ်ခုကို နောက်က စာလုံးဖြုတ်ပြီး သူ့နာမည်ဖြစ်အောင် လုပ်ထားတဲ့လူခင်ဗျာ့၊ ဒါပေမဲ့ ဆွေမျိုးတော့ တော်မှာမဟုတ်ပါဘူး။ သူကား ခေသူမဟုတ်၊ ဝိဇ္ဇာနောက်ဆုံးတန်း (ကလပ်စ်တက်ရင် နောက်ကျကျနေလို့၊ နောက်ဆုံးခုံမှာ ထိုင်ရလို့ ထင်ပါရဲ့ဗျား) မှာ ပညာဆည်းပူးဆဲဖြစ်ပါ၏။ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်အုံးညို၊ အဒူမင်းညို၊ နဝဒေးကြီး၊ နတ်သျှင်နောင်၊ ဦးစ အစရှိတဲ့ ပုဂ္ဂိုလ်ကျော် စာဆိုတော်များရဲ့ ရတု ကဗျာများကို နှုတ်တက်ရွရွ အလွတ်ကျက်ထားတဲ့သူခင်ဗျာ့။ သူနဲ့တစ်ခန်းတည်းနေမည့်သူ မလာသေးလို့ ခုတော့တစ်ယောက်တည်းနေရတုန်းပေါ့ဗျာ။

ကျွန်တော်တို့အခန်း ဘယ်ဘက်တစ်ခန်းကျော်မှာ နေတဲ့မင်းသားတစ်ယောက်ရှိပါတယ်။ သူကတော့ ကျောက်သံပတ္တမြား ပေါများသည့် အရပ်မှလာခဲ့သူဖြစ်ပြီး ဇာတ်လိုက်မင်းသားမြင့်အောင်ကဲ့သို့ပင် ချောမောသူဖြစ်သောကြောင့် ကျွန်တော်တို့က သူ့ကို ကိုမြင့်အောင်ဟုခေါ်ကြပါသည်။ ကျွန်တော်တို့နှင့်ကျောချင်းကပ် နောက်တန်းမှာနေတဲ့ ရဲဘော်ကြီးတစ်ယောက်ကိုတော့ ခပ်လွယ်လွယ်'ကိုမဲ့ပြုံး'လို့ မှတ်ထားကြပါ။ သူကတော့ တစ်မျိုးပဲခင်ဗျ။ သူပြုံးလိုက်ရင် တခြားသူတွေနဲ့ မတူဘူး။ ပြုံးပုံကိုက သူ့ရည်းစား သူ့နောက်လိုက်မယ့်အတိုင်း၊ အဲလေ သူများနောက် လိုက်သွားတဲ့အတိုင်း'မဲ့ပြုံး'ကလေးခင်ဗျ။ ဟဲဟဲ...(သည်းခံပါဗျာ)

အဲအဲ ဒါနဲ့ဝတ္ထုဘယ်ရောက်နေပါလိမ့်၊ အာ...စမှ မစရသေးဘဲ။ ကဲကဲ သည်းခံပါခင်ဗျာ။ ဝတ္ထုစပါပြီ။ ဒီလိုပါခင်ဗျ။ ကျွန်တော်လည်း ကျောင်းဆောင်ကို ပြောင်းလာတော့ ခုနကရဲဘော်ကြီးတွေက အရင်ရောက်နေကြလို့ နေသားထိုင်သားကျနေပါပြီ။ ဟိုအလောင်းဘုရားဆိုသူကတော့ ဒီနှစ်မှ အပေါ်ထပ်ကို တက်လာသူမို့ ကျွန်တော်တို့နဲ့ ဆက်ဆံရာမှာ ခပ်တန်းတန်းပင် ရှိနေပါသည်။ သို့သော် ကိုလာဘော်ကို အကြောင်းပြု၍ မကြာမီပင် အလောင်းဘုရားနှင့် ရင်းနှီးသွားကြပါတော့သည်။

mgyoe.com

mgyoe.com


ကိုလာဘော်နဲ့ အလောင်းဘုရားတို့ကတော့ တစ်တန်းတည်းသားတွေကိုး။ အဲ အလောင်းဘုရားကြီးက ဒီဝတ္ထုမှာ ဇာတ်လိုက်ကျော်ဆိုတော့ သူ့အကြောင်းကို နည်းနည်းလေ့လာပါရစေတော့။ သူကား အလွန်ကြောက်တတ်၏။ (အလောင်းမင်းတရားကြီးသာ ဒီအကြောင်းသိရရင် ရှက်တာနဲ့ သေမှာပဲ။ အဲလေ နတ်ရွာစံမှာပဲထင်ပါ့) စိတ်လည်းကောက်တတ်၏။ (အဲ အဲ သည်းခံပါဗျာနော်) အနေအထိုင် ကဗျာဆန်၏။ သို့သော် အဝတ်အစားကျတော့ အင်္ကျီအစိမ်းရင့်ရင့်လက်ရှည်ကိုဝတ်ပြီး ဘန်ကောက်လုံချည်နီစပ်ဖြဲကြီးကို ဝတ်တတ်လေတော့ အင်း ပုတ်သင်ညို ဆေးနီဘူးထဲ ကိုယ်တစ်ပိုင်းလိမ့်ကျနေသလိုပဲ။ အင်း ပြောရတာ အားနာစရာဗျာ၊ ဟဲဟဲ။ အဲဒီအလောင်းဘုရား ကိုယ်တော်ကြီးဟာ ရေချိုးခန်းမှာ ကုလားမသရဲရှိတယ်ဆိုလို့ ၇ ရက်၊ ၇ ညတိတိ ဆီးမသွား ချာမပီးဘဲနေခဲ့ရဖူးသဗျ။ အဲသလောက် သတ္တိပြောင်တာကိုး၊ ဒီလိုကြောက်တတ်မှန်းသိတော့ ကျွန်တော်တို့က သူ့ကို ခြောက်လှန့်ပြီး မဟုတ်တာတွေ ပြောရာက ဒီဝတ္ထုလေး ဖြစ်လာရတာပဲ။

တစ်ညတော့ ကျွန်တော်တို့ ၅ ယောက်သား အလောင်းဘုရားရဲ့အခန်းထဲမှာ လက်ဖက်ရည်အကြမ်း၊ ပဲကြီးလှော်သုပ်တို့နှင့် တခမ်းတနား စကားပြောပွဲကြီး ကျင်းပကြတာကိုးဗျ။ ကျွန်တော်တို့ကလည်း သူ့ကို 'ဒီအခန်းထဲမှာ သရဲရှိတယ်ဆိုတာသေချာကြောင်း၊ မနှစ်ကရဲဘော်ကြီးတစ်ဦး ဒီအခန်းထဲမှာနေတုန်းက ညဘက်မှာ တစ်ရေးနိုးလို့ထကြည့်တော့ ခုတင်ခြေရင်းမှာ လူတစ်ယောက်ထိုင်နေတာတွေ့လို့ အမှတ်တမဲ့ မီးဖွင့်လိုက်တော့ ပြတင်းပေါက်နဲ့ တံခါးမကြီးလည်း မပွင့်ပါဘဲနဲ့ ရုတ်တရက် ပျောက်သွားလို့ ဒီအခန်းထဲမှာ မနေရဲတော့ဘဲ တခြားကို ရွှေ့သွားရကြောင်း၊ ည ၁၂ နာရီလောက်ကို ထကြည့်မယ်ဆိုရင် ကျောင်းဆောင်ရှေ့က သစ်ပင်အောက်မှာ သရဲတစ်ကောင်ထိုင်နေတာကို တွေ့ရမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့အဆောင်က ရေချိုးခန်းမှာ ကုလားမ သရဲရှိကြောင်း၊ သထုံဆောင်နှင့်အင်းဝဆောင်ကို ဆက်ထားတဲ့လမ်းကူးကလေးက 'ရုံ'ကလေးကို ဂျပန်ခေတ်တုန်းက ဂျပန်တွေက ရင်ခွဲရုံအဖြစ် အသုံးပြုခဲ့ကြောင်း၊ လမသာတဲ့ညဆိုရင် အင်းယားကန်ဘက်က အော်သံကြီးကို ည ၁ နာရီ

mgyoe.com

mg
လောက်မှာ ကြားရလေ့ရှိကြောင်း စသည်ဖြင့် မဟုတ်တာတွေရော ဟုတ်တာတွေပါ ရောနှောပြီး သူကြောက်လာတဲ့အထိ ပြောကြတာပါပဲ။

အဲ သူကြောက်တယ် မကြောက်တယ် ဆိုတာကတော့ သူ့မျက်လုံးကိုကြည့်ပြီး ဆုံးဖြတ်ရပါတယ်။ မျက်လုံးကြီး ကလယ်ကလယ်နဲ့ ဝိုင်းပြီး မျက်ခုံးမွေး(သူများလိုထူထူမရှိပါ။ တစ်ပင်နှစ်ပင်လောက်သာရှိပါတယ်)တွေ ထောင်လာပြီဆိုရင် အဲ သူတကယ်ကြောက်နေပြီလို့ ဆုံးဖြတ်နိုင်ပြီပေါ့ခင်ဗျား။ အဲ ၁၁ နာရီလောက်ကျတော့ ကျွန်တော်တို့အခန်းကို ပြန်မယ်လုပ်ကြတော့ သူလည်း လိုက်အိပ်ပါ့မယ်၊ အိပ်ပါရစေလို့ အသနားခံတာကိုး။ ဒါပေမဲ့ ကျွန်တော်တို့က သူ့ကို "အံမယ်ခင်ဗျား ဒီအသက်အရွယ်ကြီး ရှိနေပြီ ကြောက်တုန်းပဲလား၊ ကလေးမှမဟုတ်တာဗျာ။ အိပ်စမ်းပါ" ဆိုပြီး အတင်းပြန်ခဲ့ကြတာပါပဲ။ သူ့မျက်လုံးကြီးတွေကတော့ ဖန်ဂေါ်လီလုံးတွေလိုပဲခင်ဗျ၊ ဝိုင်းစက်ပြီးနေတာကို တွေ့ရပါတယ်။ အင်း အခုတောင်တွေးပြီး ရယ်ချင်သေးတယ်။

ကျွန်တော်တို့လည်း ဒါနဲ့ အခန်းပြန်ပြီးအိပ်ကြတာပေါ့ဗျာ။ အဲ အိပ်ပျော်လို့ သိပ်မကြာသေးဘူး၊ ၁၁ နာရီခွဲလောက်ပဲ ရှိဦးမယ်ထင်တယ်။ သူကျွန်တော်တို့ အခန်းကို အပြင်က အတင်းလာခေါက်ပြီး နိုးတော့တာပဲ။ ကျွန်တော်တို့ကလည်း အိပ်မှုန်စုံမွှားနဲ့ "ဘယ်လိုဖြစ်တာလဲဗျ အလောင်းဘုရားကြီးရ၊ ခင်ဗျားအခန်း သူခိုးကပ်လို့လား" ဆိုတော့ "သူခိုးမဟုတ်ဘူးဗျ။ သရဲခြောက်နေလို့ ကျွန်တော်လည်း ကြောက်နေပြီ"လို့ ပြာသိုလမှာရေခဲရေအလောင်းခံရတဲ့ကြောင်လို တဟီးဟီးနဲ့ညည်းနေရင်း တုန်တုန်ယင်ယင်နဲ့ပြောပါတယ်။

ကျွန်တော်တို့မှာတော့ ယုံရအခက်မယုံရအခက်ပေါ့ဗျာ။ ကျွန်တော်တို့ပြောခဲ့တာက တကယ်မှမဟုတ်ဘဲကိုး။ ဒီတော့ "ဟာ ဟုတ်မယ်မထင်ဘူး။ ခင်ဗျားက ချေအီးချေလန့်ဆိုတဲ့လူစားပဲ။ ညကပြောထားတာတွေကြောင့်ထင်ပါရဲ့ ဟားဟား"လို့ ကျွန်တော်က နောက်ရင်း သူ့ကိုကြည့်လိုက်တော့ တကယ့်ကိုဗျာ သူ့မျက်နှာလေးဟာ မန်ကျည်းရွက်ထက် ငယ်နေတာကို တွေ့ရတော့တာပဲ။ (မန်ကျည်းရွက်ဆိုတာ မမှားဘူးဗျ။ ဆီးရွက်က သူ့ထက်ကြီးတယ်မဟုတ်လား၊ အဲဒီတုန်းက သူ့မျက်ခွက်က မန်ကျည်းရွက်လောက်
mgyoe.com

mgyoe.com
ပဲရှိမယ်ဆိုတာ ကျွန်တော်ကျမ်းကိုင်ပြီး ပြောရဲပါတယ်ဗျာ။ ဟဲ…ဟဲ) ကျွန်တော်လည်း ဆက်မပြောရဲတော့ဘဲ 'ကြောင်'သွားတာပေါ့။ သူက တကယ်ကြောက်နေတာကိုး။

ဒါနဲ့ သူက ဆက်ပြောပြန်တယ်။ အင်း ခင်ဗျားတို့ကသာ နောက်နေတဲ့။ ကျွန်တော်ဖြင့် ခေါင်းမီးတောက်နေပြီတဲ့။ (အဲ အဲပြောပုံက) ကျွန်တော်လည်း အိပ်မပျော်နိုင်တာနဲ့ အိပ်ရာပေါ်မှာ မှိန်းနေရင်း ဒေါက် ဒေါက်နဲ့ တံခါးခေါက်သံကြားတာကိုး၊ ပထမတော့ တစ်ယောက်ယောက် နောက်တာ ထင်ပါရဲ့ဆိုပြီး ငြိမ်နေသေးသတဲ့။ ဒါပေမဲ့ခေါက်သံက အဆက်မပြတ်ဆိုတော့ သူလည်းထပြီး ဖွင့်ပေးမိသတဲ့၊ ဒါပေမဲ့ အပြင်မှာတော့ တစ်ယောက်မှ မတွေ့ဘူးဆိုဘဲ။ တစ်ယောက်ယောက်က နောက်တယ်ဆိုရအောင်လည်း 'ခေါက်သံ'ဆုံးတာနဲ့တစ်ပြိုင်နက် သူ ထဖွင့်တာမို့လို့ ဝေးဝေးပြေးနိုင်မှာ မဟုတ်ဘူးတဲ့။ ဒါနဲ့သူလည်း အဲလေ နောက်တာပဲဖြစ်မှာပဲဆိုပြီး ပြန်အိပ်ပါလေရော။ ဟော နောက် ၁၀ မိနစ်လောက်ကြာပြန်တော့ တစ်ခါ ကြားပြန်ရော။

အဲဒီတော့ သူ ကပျာကယာထဖွင့်ပေမဲ့ လူဆိုလို့ အရိပ်အယောင်မှ မမြင်ရလေတော့ သူ့ခေါင်းဟာ မြင်းမိုရ်တောင်လောက် အဲလေ ရန်ကုန်က အမှိုက်ပုံတွေလောက်နီးနီး ကြီးသွားရှာသတဲ့။ အင်း အဲဒီအချိန်မှာတော့ သူ့ကိုကြည့်ရတာ စာမေးပွဲရှုံးလို့အိမ်က ဆူခံထိရတဲ့အထဲ ရည်းစား က လင်ယူသွားပြန်ပြီဆိုတဲ့ သတင်းကိုကြားရတဲ့အတိုင်းပဲ ငိုမဲ့ငိုမဲ့ခင်ဗျ။ အဲ သူက ဆက်ပြောပါတယ်၊ နောက်တစ်ခါလာခေါက်လို့ ၃ ကြိမ်မြောက် ဖွင့်ပေးတော့လည်း လူမတွေ့ဘူးတဲ့။ အင်း လူမဟုတ်ရင်တန်တော့ တစ်ခုခုပဲ၊ အဲလေ ယောင်လို့ သရဲပဲလို့ ကျွန်တော်က တွေးမိပါတယ်။ သနားစရာဗျာ၊ သူတော့ပြန်အိပ်ရဲမှာ မဟုတ်တော့ပါဘူးထင်ပါရဲ့။ ဒါနဲ့ ကျွန်တော်တို့က ဝိုင်းပြီး ပြောပါတယ်။ "ခင်ဗျား ရဲရဲသာအိပ်ပါဗျာ။ ဒီအခန်းမှာ သရဲဝေးလို့ တစ္ဆေ၊ မှင်စာတောင်မရှိပါဘူး။ ဒီတော့ တံခါးကို လာခေါက်တယ်ဆိုတာဟာ သရဲမဟုတ်နိုင်ပါဘူး။ တစ်ယောက်ယောက်က နောက်တာပဲဖြစ်ရမယ်။ အဲဒီလို နောက်တဲ့လူကို ကျွန်တော်တို့ ၄ ယောက် ဝိုင်းဖမ်းပေးပါ့မယ်"လို့ ကတိပေးတာတောင်မှ သူ့ခမျာ မဝံ့မရဲ အခန်းထဲ
mgyoe.com

ကို တစ်လှမ်းချင်း ပြန်ဝင်သွားရှာတယ်။

ဒါနဲ့ ကျွန်တော်တို့လည်း ကိုမြင့်အောင်နဲ့ ရဲဘော်ကြီးမဲ့ပြုးကို နှိုးပြီးတော့ ရဲဘော်မဲ့ပြုးကို အလောင်းဘုရားရဲ့ ကျောချင်းကပ်အခန်းရဲ့ ဘေးက လှေကားထိပ်မှာ တုတ်တစ်ချောင်းနဲ့ တာဝန်ပေးထားခဲ့ပြီး ကိုမြင့်အောင်ကတော့ ဝရန်တာအပြင်ဘက် အုတ်ခုံစွန်းမှာရပ်နေပြီး ဝရန်တာနဲ့ ကွယ်ပြီးအစောင့်ချထားပါတယ်။ အလယ်လှေကားထိပ်မှာတော့ ကျွန်တော်နဲ့ကိုလာဘော်တို့က အဆင်းအတက်မရှိအောင် စောင့်နေကြပါတယ်။

သူလည်း အခန်းထဲဝင်နေလို့ ၁၅ မိနစ်လောက်ကြာတော့ အခန်းထဲက ထွက်လာပြန်တယ်။ ခေါက်သံကိုတော့ ကျွန်တော်တို့နဲ့ဝေးနေလို့ မကြားရပေမဲ့ ကိုမြင့်အောင်နဲ့သူကတော့ သေသေချာချာ ကြားလိုက်ကြတယ်တဲ့။ ကိုမြင့်အောင်လည်း ကြားကြားခြင်း အုတ်ခုံပေါ်က ထပြီး ဝရန်တာပေါ်ကကျော်ကြည့်ပေမဲ့ ဘာမှမတွေ့ရဘူးဆိုတော့ ကျွန်တော်တို့တစ်တွေလည်း ယုံထင်ကြောင်ထင်ဖြစ်လာတာပေါ့လေ။ ဒါပေမဲ့ ရဲဘော်ကြီးလာဘော်ကတော့ "သရဲမဖြစ်နိုင်ပါဘူး"လို့ပြောရင်း ခေါင်းကို ယမ်းနေတော့တယ်။ နောက်ပြီး သူတွေတွေကြီးရပ်ပြီး ၃ မိနစ်လောက် စဉ်းစားနေပြီးမှ ဦးစံရှားလေသံနဲ့ အလောင်းဘုရားကို မေးခွန်းထုတ်တာကိုး။

"ခင်ဗျား တံခါးခေါက်သံကြားတုန်းက မီးဖွင့်ပြီးမှ တံခါးဖွင့်သလား။ ဒါမှမဟုတ် မီးမဖွင့်ဘဲ တံခါးဖွင့်သလား"တဲ့။ အဲဒီတော့ အလောင်းဘုရားက...

"မီးမဖွင့်မိပါဘူး တံခါးသာ ကပျာယာ ထဖွင့်ပေးမိတာပဲ"လို့ ဖြေတာကိုး။

"ကဲ...ဒါဖြင့်လာကြ၊ အခန်းထဲက ခုတင်ပေါ်မှာ အားလုံးထိုင်နေစမ်း၊ ကျုပ်တံခါးခေါက်တဲ့တရားခံကို ဖမ်းပေးမယ်"လို့ ဦးလာဘော်ကဆိုတော့ ကျွန်တော်တို့လည်း မယုံ ၂ ဝက်၊ ယုံ ၁ ဝက်နဲ့ တံခါးကိုဖွင့်၊ အခန်းထဲကိုပြန်ဝင်၊ ခုတင်ပေါ်ကိုတက်၊ ဦးလာဘော်လည်း တံခါးကိုပိတ်ပြီးတော့ ကျွန်တော်နဲ့အတူ လာထိုင်နေတယ်။ နောက်ပြီး သူက လေသံနဲ့"ကျုပ်မီးဖွင့်ရင် တံခါးပေါက်ဘက်ကိုကြည့်ကြနော်"တဲ့။

ကျွန်တော်တို့လည်း မှောင်မကျတကျထဲမှာ ၁၀ မိနစ်လောက် ထိုင်

mgyoe.com

mgyoe.com

နေရပြီးမှ တံခါးဘက်က 'ဒေါက်..ဒေါက်'ဆိုတဲ့အသံကို မနှေးမမြန် မတိုး မကျယ် ကြားရပါတယ်။ အဲဒီအသံနဲ့ မရှေးမနှောင်း'ချောက်'ကနဲ အသံကြားပြီးတော့ အခန်းထဲကမီးသီးလည်း မီးလင်းလာပါတယ်။ ကျွန်တော်တို့လည်း တံခါးပေါက်ဝကို လှမ်းကြည့်လိုက်တော့ တံခါးခေါက်တဲ့တရားခံ အစစ်ကို လက်ပူးလက်ကြပ်တွေ့ရတော့တယ်။ ကဲ စာရှုသူတို့ ဘယ်လို ထင်ကြသလဲဗျာတို့။ တကယ်တရားခံအစစ်ကတော့ တခြားဟုတ် ရိုးလား၊ 'မြေကြွက်'ကြီးတစ်ကောင်ဗျ။ မီးလည်းလင်းရော သူလည်း အခန်းထောင့်က စာအုပ်စင်အောက်ကို ပြန်ဝင်ပြေးတော့တာကိုးဗျ။ ဒီတော့မှ ကျွန်တော်လည်း သတိထားမိတော့တယ်။ တံခါးအောက်ဘက်က မျောက်လက်ဟာ ချောင်နေလေတော့ ကြွက်တိုးတာနဲ့ပဲ 'ဒေါက် ဒေါက်'နဲ့မြည်နေတာကိုး။ ဒါနဲ့ကျွန်တော်လည်း ဦးလာဘော်ကို ကိုသိန်းမောင်လေသံနဲ့"ဘယ့်နှယ်လဲ ဦးလာဘော်၊ ဘယ်လိုများ စဉ်းစားမိပြီး ဒီလိုအတပ်သိရတာလဲ"လို့မေးမိတော့ သူကလေ သူက ဦးစံရှားလေသံ နဲ့ "မောင်ညစ်ကျယ်က ငါနဲ့နေလာတာ ၄–၅ ရက်တောင်ရှိနေပြီ။ ဒီလောက်ချာရသလားကွ"လို့ ပလ္လင်ခံပြီးမှ ဆက်ပြီးရှင်းပြပါတယ်။

"ဒီလိုကွ...ငါပြောမယ်၊ သရဲဆိုတာက ကြောက်တတ်တဲ့လူကိုမှ ချောက်တာ။ ငါ့လို သတ္တိကောင်းတဲ့(အလဲ့...တယ်ဟုတ်ပါလား)ရဲဘော် မြင့်အောင်လို သရဲမကြောက်တဲ့ သူတွေကို ချောက်ရဲတာမဟုတ်ဘူးကွ။ အဲဒီတော့ တံခါးခေါက်တဲ့တရားခံဟာ သရဲမဟုတ်နိုင်ဘူး။ ဒုတိယအချက် နောက်ပြောင်တဲ့လူလည်း မရှိဘူးဆိုတာ ငါတို့စောင့်ပေးလို့ သိရပြီ။ ဒီတော့ ဒီတော့ ဘာဖြစ်သလဲကွ သိလား သိလား"

ကျွန်တော့်ကို လှမ်းမေးနေပါ၏။ ကျွန်တော်ကလည်း စိတ်တိုပြီး ဖြစ်၍...

"ဘာဖြစ်နိုင်တယ်ဆိုတာ မသိလို့ မေးနေတာပေါ့ဗျ"လို့ ခပ်ဆတ်ဆတ်ပြေတော့မှ သူက ဆက်ပြောတယ်။

"အဲဒီတော့ ငါစဉ်းစားမိတာက ညနေစောင်းတံခါးတွေဖွင့်ထားတုန်းကများ အခန်းထဲ ကြွက်တစ်ကောင်တလေ ကော်ရစ်တာမှာလျှောက်လာရင်း မယောင်မလည်နဲ့ စားစရာရှိမလားလို့တွေးပြီး ဝင်သွားသလားလို့"

mgyoe.com

mgyoe.com

သူ့စကားမဆုံးမီ ကျွန်တော်က "ကြွက်တင်ဝင်မှာလားဗျ၊ ကြောင်တို့ ခွေးတို့ ကော မဝင်နိုင်ဘူးလား"

"ဟာ...ငါ ဒါတွေကိုလည်း စဉ်းစားပြီးပါပြီ။ ကြောင်တို့ ခွေးတို့သာ ဝင်နေရင် အော်သံကြားရမှာပေါ့။ ကြွက်ဆိုတော့ သိပ်ပြီးအော်မှာမဟုတ်ဘူးလို့ တွေးမိလို့ကွ။ နောက်ပြီး ကြောင်ဆိုရင် တံခါးအပေါ်ဘက်က အပေါက်တွေရှိသားပဲ။ ထွက်သွားမှာပေါ့"...တဲ့။ နောက်ပြီးမှ...

"အဲ...ကြွက်ဝင်သွားပေမဲ့ ဒီကိုယ်တော်ကြီးက စားစရာသောက်စရာ ဝယ်တာမဟုတ်ဘူး၊ ကပ်စေးနဲ့ကြီး။ သူ့ဝမ်းတောင် သူသဒ္ဓါတာမဟုတ်ဘူးလို့။ လပ်စ်ဆပ်ပြာအပြင် ဘာမှရှာမတွေ့တဲ့ကြွက်က တွေးမိတာနဲ့ ပြန်ထွက်ဖို့ တံခါးပေါက်ကိုတိုးတာနဲ့ ဒီလိုဖြစ်များဖြစ်မလား လို့ တွေးမိလို့ပေါ့ကွာ"

သူ့ခမျာ ဦးစံရှားကဲ့သို့ မထေ့တထေ့ပြုံးပြီး အတည်ပေါက်နှင့်ပြောရသောကြောင့် အာခြောက်သည်နှင့်ရေတစ်ခွက် သောက်ရရှာ၏။

ကျွန်တော်က ညစ်ကျယ်ကျယ် ပြောတတ်သူဖြစ်၍...

"အံမယ်ဗျာ...ဟိုအလောင်းဘုရားကြီး ခဏခဏတံခါးဖွင့်ပြီး အပြင်ထွက်နေတဲ့ကိစ္စမှာ ကြွက်က ဘာပြုလို့မထွက်ဘဲနေရမှာလဲဗျ။ တစ်ချီမထွက်တစ်ချီထွက်မိရမှာပေါ့"လို့ဆိုတော့ ကိုမဲ့ပြုံးက ထောက်ခံတယ်လေ။

"ဒါပေမဲ့ကွာ...သူတံခါးဖွင့်ရအောင်သွားတော့ ကြွက်ကလန့်ပြီး စာအုပ်စင်အောက်ပြန်ဝင်နေ၊ သူကလည်း တံခါးကို ကပျာကယာဖွင့်ပြီး ပြန်ပိတ်တော့ ကြွက်လည်း မပြေးသာအောင်ရှိနေမှာပေါ့။ ကဲ ရှုပ်ပါ့ကွာ၊ ဒီကြွက်ကို မောင်းထုတ်လိုက်ပေါ့"လို့ ဦးလာဘော်ကဆိုတာနဲ့ ရှင်းလင်းပွဲကြီးလုပ်အပြီးမှာ ကျွန်တော်တို့လည်း အခန်းကို ပြန်လာကြပါတယ်။ အလောင်းဘုရားကြီး မျက်ခွက်ကတော့ မန်ကျည်းရွက်ထက် ကြီးလာပါပြီ။ အဲဒီအချိန်မှာ ကုက္ကိုရွက်လောက်တော့ ရှိနေပါပြီခင်ဗျား။ (တကယ်ပြောတာပါ၊ သူ ခုထက်ထိလန့်နေတုန်းဗျ သိလား။)

ကျွန်တော်မှာလည်း မြှောက်ပင့်ပြောတတ်တဲ့ ဝါသနာလေးက ရှိနေလေတော့ "ဦးလာဘော် တယ်ဟုတ်ပါလားဗျ။ ခင်ဗျားနဲ့နေမှပဲ ကျွန်တော်တော့ ယထာဘူတကျအောင် နက်နက်နဲနဲ စဉ်းစားတွေးတောတတ်တဲ့နည်းကို သင်ယူရတော့မှာပဲ"လို့ မြှောက်ပြောမိတော့ သူကလေ သူက...

mgyoe.com

mgyoe.com

ခပ်ပြုံးပြုံးကြီးလုပ်ပြီး…

"အေးလေ မင်းက မိုက်လို့ဆင်းယင့်စ်ယူခဲ့တာကိုးကွ၊ ငါ့လိုဗီလေဘ်ဆော်ဖိမှ မယူဘဲကိုး"တဲ့။ အဲဒီအချိန်မှာ သူ့မျက်နှာဟာ ကြံသကာတစ်ဝက် မန်ကျည်းသီးမှည့်တစ်ဝက် ရောထားသလိုပဲ စပ်ဖြီးဖြီးကြီးခင်ဗျ။

ကျွန်တော်လည်း အိပ်ရာထဲရောက်မှ စဉ်းစားမိတယ်။ ဩော် "အချက်မသိတော့ကြွက်ကို သရဲထင်တာကလည်း ဤလည်းတစ်ဒုက္ခ"ပဲလို့…။

နောက်တစ်နေ့ကျတော့ ကိုလာဘော်က ကျွန်တော့်ကို လက်ဖက်ရည်ဆိုင်မှာ ခေါက်ဆွဲကြော်၊ ဆီးဖျော်ရည်၊ သုံးသုံးလုံးစီးကရက် စသည်တို့ဖြင့် လိုလေသေးမရှိအောင် ပြုစုသည်ဖြစ်ရကား "အင်း ကေန္တတော့ ကေန္တပဲ" ဟု စိတ်ထဲကတွေးမိသည့်အပြင် ဒေးလ်ကာနက်ဂျီကို ကျေးဇူးတင်မိပါသတည်း။

ကဲ..ကျွန်တော့်ဝတ္ထုထဲက သက်ရှိ ဇာတ်လိုက်ကျော်များခင်ဗျား၊ ကျွန်တော့်ကို ကလေးတစ်ယောက်ကဲ့သို့ သဘောထားပြီး ကျွန်တော်တို့၏ ရယ်စရာအဖြစ်အပျက်ကလေးကို ဇာတ်လမ်းပမာတင်ပြသည့်အတွက် သာသည်နာသည် သဘောမထားဘဲ အမျက်တော်မပြင်ဘဲ အချစ်တော်ဝင်ကြပါမည့်အကြောင်း ယခင်နေခဲ့သောအဆောင်ဟောင်းမှ ရဲဘော်ညစ်ကျယ်က သတိရကြောင်း နှုတ်ခွန်းဆက်ရပါသည်ခင်ဗျား။

(ကွဲကွာသွားရသော မိတ်ဆွေများကို သတိတရဖြင့်)

မောင်ညစ်ကျယ်(လက်ပံတန်း)
၁၉၅၄ ခုနှစ်၊ ဩဂုတ်လ။ အတွဲ၂၊ အမှတ်၁၀၊

❑

mgyoe.com

mgyoe.com

# လိုင် လိမ်သူ

အောင်မြင်

"ဒီမှာ ကိုထွန်း၊ ခင်ဗျားကသာ စာရေးဆရာဆိုတဲ့လူတွေကို ကြည်ညိုနေ။ သူတို့လည်းလူပါပဲဗျာ၊ သိကြားသားတွေမို့လား။ မယုံရင် ကြည့်၊ ကျွန်တော် မိန်းကလေးယောင် ဆောင်ပြီးတော့ ရန်ကုန်က အောင်ဇေယျာ မဂ္ဂဇင်းတိုက် လက်ကိုင်စာရေးဆရာ ဝေဠုဆီကို မိတ်ဆက် စာတစ်စောင် ရေးလိုက်မယ်။ ချက်ချင်းစာပြန်လာစေရဲ့"

မန္တလေးမြို့ ဈေးချိုလက်ဖက်ရည်တစ်ဆိုင်တွင် ကိုဘလှသည် သူ့ မိတ်ဆွေ စာပေသမား ကိုထွန်းအား ငြင်းခုံလျက် ရှိနေလေ၏။ ကိုထွန်း မှာ ခေတ်စာပေများကိုလိုက်စားပြီး ခေတ်စာရေးဆရာများ၏အရေး အသားကို ဝေဖန်သင့်က ဝေဖန်လျက် ကြည်ညိုသင့်က ကြည်ညိုနေသူ ဖြစ်လေရာ စီးပွားရေးဘက်တွင် ပိုမို၍ စိတ်ရှိသူ ကိုဘလှက ဤကဲ့သို့ ငြင်းခုံလိုက်ခြင်း ဖြစ်လေ၏။

"ခင်ဗျားက မိတ်ဆက်စာရေးတော့ စာရေးဆရာဆိုတာဟာ လူထုနဲ့ ဆက်ဆံနေရတဲ့ လူတန်းစားမျိုးဆိုတော့ စာပြန်ရမှာပေါ့ဗျာ၊ ဘာများ ထူးဆန်းလို့လဲ"

ကိုထွန်းက အလျှော့မပေးဘဲ ပြန်လည် ငြင်းလိုက်သည်၌ ကိုဘလှ

mgyoe.com

mgyoe.com

သည် အားရပါးရ ရယ်မောပြန်ကာ...

"ဒါလောက်ကိုပြောတာ မဟုတ်ဘူးဗျ။ ခင်ဗျာ့ဆရာ ဝေဠုဟာ ကျွန်တော် မိန်းကလေးနာမည်နဲ့ ရေးတဲ့စာတွေကို စာပြန်ရင်း စာပြန်ရင်းနဲ့ နောက်ဆုံးကျတော့ ရည်းစားစာရေးလာစေ့မယ်။ ဘယ့်နှယ်လဲ"ဟု မေးလိုက်သည်၌ ကိုထွန်းက "ဟာဗျာ မဖြစ်နိုင်တာကို။ တချို့တလေတော့လည်း ဟုတ်မပေါ့၊ အားလုံးတော့ ဟုတ်မယ်မထင်ပါဘူး"ဟု ဆိုလိုက်လေသည်။

"ကဲ ခင်ဗျားမယုံရင် ကျွန်တော်စာရေးပြမယ်။ ခင်ဗျာ့ဆရာ ဝေဠု ကျွန်တော့်ကို တကယ့် မိန်းကလေးထင်ပြီး တဖြည်းဖြည်း ချစ်ရေးဆိုပြီး လာရစေ့မယ်။ ဘာကြေးလောင်းမလဲ"

ကိုဘလှသည် လက်တွေ့ ပြက်လုံးများကို ဝါသနာကြီးသူဖြစ်၏။ ကိုယ်ပိုင်အလုပ်အကိုင်ကလေးနှင့် ကြီးပွားနေသူ တစ်ကိုယ်တော်လူပျိုကြီးဖြစ်သည့်အလျောက် မကြောင့်မကြ မတောင့်မတနေထိုင်သူဖြစ်လေရာ အားလပ်ချိန်ကလေး ရလျှင်ပင် လက်တွေ့ပြက်လုံးများကို မနားတမ်းရှာဖွေ၍ မိတ်သင်္ဂဟများအား ပျော်တော်ဆက်၍ နေသူဖြစ်လေ၏။

ကိုထွန်းနှင့်ယနေ့ဆုံမိကြရာတွင် အချို့သော နယ်ကဘုန်းဘုန်းများနှင့် လူပြောင်လူနောက်များ ရန်ကုန်စာရေးဆရာများထံသို့ မိန်းကလေးနာမည်နှင့်စာရေးဆက်သွယ်ကြသော အရှုးလုပ်နည်းကို အားကိုးကာလောင်းကြေးထပ်လိုက်ခြင်းဖြစ်လေရာ ကိုထွန်းမှာ မခံချိမခံသာကြီးဖြစ်သွားရလေ၏။

သို့သော် စာပေကို မြတ်နိုးသူဖြစ်သည့်အလျောက် စာရေးဆရာတစ်ဦးကို နောက်ပြောင်သည့်အလုပ်တွင် မပါလိုသဖြင့် "မဟုတ်တာတွေ မလုပ်စမ်းပါနဲ့ဗျာ၊ မလောင်းချင်ပါဘူး"ဟု ငြင်းလိုက်လေ၏။

သို့တိုင်အောင်ကိုဘလှက "ဘာလဲ ခင်ဗျားက သတ္တိမရှိဘူးလား၊ ခင်ဗျား ၁ ကျပ်၊ ကျွန်တော် ၁၀၀ ကျပ်လောင်းမယ်လေ။ ဆရာဝေဠုဆီကချစ်ရေးဆိုတဲ့စာကို ကျွန်တော်ရအောင် မိန်းကလေးယောင်ဆောင်ပြီး ဆက်သွယ်နိုင်ရင် ခင်ဗျား ၁ ကျပ်ပေး၊ ကျွန်တော်ရှုံးရင်ခင်ဗျားကို ၁၀၀ လျော်မယ်။ ဘယ့်နှယ်လဲ"ဟု ဖွဲသတ္တိစမ်းနေပြန်သည်။

mgyoe.com

mgyoe.com

ဤတွင် ကိုထွန်းလည်း မနေသာတော့ဘဲ "စိန်လိုက်ဗျာ။ ဒါလောက်တောင်ရှိလှတာ"ဟု စိတ်တိုတိုနှင့်ဆိုလိုက်လေသည်။ ကိုဘလှသည် တပြုံးပြုံးနှင့် ဆရာဝေဠုထံ စာတစ်စောင်ကို ရေးနေလေ၏။

သို့

စာရေးဆရာဝေဠု
အောင်ဇေယျာမဂ္ဂဇင်းတိုက်
ဘားလမ်း၊ ရန်ကုန်မြို့

မှ

ခင်ခင်လှ
သမ္မစိတ္တကုမ္ပဏီ
ဈေးချို၊ မန္တလေး

နေ့စွဲ ၁-၉-၅၅

လေးမြတ်စွာ စာရေးမိတ်ဆက်လိုက်ပါသည် ဆရာဝေဠုရှင့်။ အထူးအစီရင်ခံလိုသည်မှာ ဤစာကို ရေးသူ'လှ'သည် ငယ်စဉ်ကတည်းကပင် စာပေဘက်၌ အထူးဝါသနာထုံခဲ့ပါသည်။ ယခုလည်း စာပေနှင့်ကဗျာကို များစွာလိုက်စား လေ့လာလျက်ရှိနေပါသည်။ လစဉ်ထုတ်မဂ္ဂဇင်းမျိုးစုံတို့ကို မနားတမ်း ဝယ်ယူဖတ်ရှုခဲ့ရာတွင် ကလောင်ရှင်ပေါင်းများစွာတို့အနက် ဆရာဝေဠု၏ စာများကို အနှစ်သက်ဆုံး ဖြစ်ခဲ့ပါသည်။ အထူးသဖြင့် ဆရာ၏ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများကို နှစ်သက်လှပါသဖြင့် ယခုကဲ့သို့ စာရေးမိတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်ရှင့်။ လှ၏ မိတ်ဆွေဖွဲ့မှုအား လက်ခံပါရန် တောင်းပန်အပ်ပါသည်။ အကယ်၍ လှအား ဆရာ၏ မိတ်ဆွေအဖြစ်ဖြင့် လက်ခံမည်ဆိုပါက အထက်ဖော်ပြပါ လိပ်စာအတိုင်း စာပြန်ကြားလိမ့်မည်ဟု မျှော်လင့်ပါသည်ရှင့်။

ကြည်ညိုလေးစားစွာဖြင့်
ခင်ခင်လှ

mgyoe.com

mgyoe.com

'ဟဲ...ဟဲ...ကျွန်တော်ရေးတဲ့စာ မိန်းကလေးသံပါရဲ့လား၊ ဟင်... ကိုထွန်း'

ကိုဘလှသည် သူရေးသောစာကို ကိုထွန်းအား ထိုးပေးပြီးနောက် ဖောင်တိန်ကိုပိတ်ရင်း ပြုံးကာ မေးလိုက်လေ၏။ ကိုထွန်းသည် စာကိုဖတ်ပြီး...

"ဒါကတော့ အပြစ်ကင်းတဲ့ စာပဲဗျာ။ စာပြန်ချင် ပြန်မှာပေါ့"ဟု ဆိုလိုက်သည်၌ ကိုဘလှက...

"အရှည်ကြည့်ကြသေးတာပေါ့ဗျာ၊ ဟဲ...ဟဲ"ဟု ပြောရင်း စာကို ခေါက်ကာ စာအိတ်ထဲသို့ထည့်၍ တံဆိပ်ခေါင်း ကပ်လိုက်လေ၏။

× × ×

ကိုဘလှ၏စာကို ထည့်လိုက်ပြီးသည့်နောက် ၇ ရက်ခန့်အကြာတွင် ဆရာဝေဠုထံမှ စာတစ်စောင် အောက်ပါအတိုင်း ပြန်၍လာလေ၏။

နေ့စွဲ ၃–၉–၅၅

ပြန်ကြားအပ်ပါသည် မခင်ခင်လှ

ပေးပို့လိုက်သောမိတ်ဆက်စာကို ကောင်းစွာရရှိသဖြင့် ကျေးဇူးတင် ဝမ်းသာပါသည်။ စာပေကို ဝါသနာပါသည်ဟု သိရသဖြင့် ပိုမိုဝမ်းသာရပါကြောင်း။

လေးစားစွာဖြင့်

ဝေဠု

"ကိုင်း...ဘယ့်နှယ်ရှိစ၊ ခင်ဗျားစာရေးဆရာတွေဟာ အူလူးချည့်ပါပဲလို့ ကျွန်တော်ပြောတာ မှန်လိုက်တာဗျာ။ ကြည့်လေ ကျွန်တော့်စာကို ရရခြင်း ပြန်လိုက်တာဗျ။ နေ့စွဲကိုကြည့်စမ်း"

ကိုဘလှသည် ဆရာဝေဠုထံမှ ပြန်စာကို ကိုဘထွန်းကိုပြရင်း အောင်မြင်စွာ ရယ်မောလိုက်လေ၏။

"ဒီလိုဆိုရင် ဘာဆက်ပြီး လုပ်ကြဦးမလဲ"

mgyoe.com

mgyoe.com

"စာထပ်ပြီး ရေးမှာပေါ့ဗျ ကိုထွန်းရ။ စောင့်သာကြည့်ပါ၊ ခင်ဗျား စာရေးဆရာဝေဠု တော်တော်ကြာရင် စလုံးရေစပြီး လာစေ့မယ်။ ငွေကြေကလေး တစ်ကျပ်တော့ လွယ်လွယ်ဆောင်ထားဗျနော် ဟဲ...ဟဲ..."

ကိုဘလှသည် ဆရာဝေဠုထံမှ ပြန်စာကိုဖြန့်၍ သူ့ရှေ့တွင် ချလိုက်ပြီးနောက် အောက်ပါစာကို ကောက်၍ ရေးနေလေ၏။

နေ့စွဲ ၇-၉-၅၅

စာရေး ပြန်ကြားအပ်ပါသည် ဆရာရှင့်

၃-၉-၅၅ နေ့စွဲနဲ့ ပေးလိုက်တဲ့ ဆရာ့စာကိုရတဲ့အတွက် လှမှာ ပတ္တမြားတစ်လုံးကို ကောက်၍ရဘိသကဲ့သို့ ဝမ်းသာ၍ မဆုံးနိုင်ဖြစ်ရပါသည်။ နာမည်ကျော် စာရေးဆရာကြီးများဟာ နယ်က စာဖတ်ပရိသတ်ကို အရေးမလုပ်ဘူးလို့ သတင်းကြားနေရ တာနဲ့ လှဆီကို ဆရာစာပြန်မှ ပြန်ပါ့မလားလို့ စိုးရိမ်မိတာဟာ ခုတော့ ဆရာ့စာကို ရတဲ့အတွက် အားလုံးပဲ ပြေပျောက်သွားရပါပြီ။ လှအား မိတ်ဆွေအပြင် တပည့်လိုလည်း သဘောထားပါဦး ဆရာ။ လှလည်း ကလောင်သွေးချင်တဲ့ စိတ်ရှိနေပါ၏။ လှရေးထား တဲ့ ကဗျာကလေးတွေ ပို့လိုက်ချင်ပါသည်။ သင့်လျော်ရင်လည်း ဆရာတို့မဂ္ဂဇင်းမှာ သုံးပေးပါဆရာ၊ မသင့်လျော်သေးရင်တော့ ဝေဖန်စာနဲ့ လှထံသို့ ပြန်ပို့ပြီး စာပေတပည့်အနေနဲ့ သွန်သင်ဆုံးမပါဆရာ။

အားထားယုံကြည်လျက်
လှ

"ကဲ...ဖတ်စမ်းပါဦးဗျ၊ ခုစာမှာတော့ ဒါလောက်ပဲရေးတာ ကောင်းမယ်"

ကိုဘလှသည် သူရေးသောစာကို ကျေနပ်စွာ ကိုထွန်းအား ပြလိုက်လေ၏။

"ဒီစာကကော ဘာများဆန်းလို့လဲဗျ။ ခင်ဗျာ့ ကဗျာပို့ရင် ဝေဖန်စာပဲ

mgyoe.com

mgyoe.com

ပြန်လာမှာပေါ့"

"ခင်ဗျား မသိပါဘူး ကိုထွန်းရာ၊ စောင့်ပြီးတော့ကြည့်စမ်းပါဦး ဟဲ...ဟဲ..."

× × ×

ကိုဘလှ၏စာကိုထည့်လိုက်ပြီးနောက် ၉ ရက်ခန့်အကြာတွင် ဆရာဝေဠုထံမှ ပြန်စာတစ်စောင် ရောက်လာလေ၏။ စာမှာ...

နေ့စွဲ ၁၆-၉-၅၅

ပြန်ကြားအပ်ပါသည် ခင်ခင်လှ

ဒုတိယပေးစာကို ကောင်းစွာရရှိ၍ ဝမ်းသာပါသည်။ တိုက်အလုပ်တွေများနေ၍ ချက်ချင်းစာမပြန်ရပါ။ ကဗျာများ ပေးပို့လိုသည်ဆို၍ ကျေးဇူးတင်ပါ၏။ ကဗျာများပို့ပါ။ ကောင်းမွန်ပါက မဂ္ဂဇင်းတွင်ထည့်ပါမည်။ လိုနေသေးပါက ဝေဖန်စာနှင့်အတူ ပြန်ပို့မည်။ တပည့်အဖြစ် အမှတ်ထားဖို့ မလိုပါ။ တတ်နိုင်သည့် ဘက်မှ ကူညီရန် အသင့်ရှိနေပါကြောင်း။

လေးစားလျက်

ဝေဠု

"ဟား..ဟား...ဟား...ခင်ဗျားလူကတော့ တဖြည်းဖြည်း အူလူးဘက်ကို ယိုင်လာပြီဗျို့၊ ဒီမှာကြည့်စမ်းပါဦး"

ကိုဘလှသည် ဆရာဝေဠုထံမှ ပြန်စာကိုထိုးပြရင်း အားရပါးရ ရယ်မော၍ နေပြန်လေ၏။ ကိုထွန်းလည်း မျက်မှောင်ကြုတ်၍ စာကိုဖတ်ပြီး "ဘာအဆန်းပါလို့လဲ ကိုဘလှရဲ့၊ ပြန်ရိုးပြန်စဉ်ပြန်တဲ့စာကပဲ"ဟု ဆိုလိုက်သည်၌ ကိုဘလှ အပြုံးမပျက်ဘဲ "ကြည့်ဦးလေ ဒီတစ်ခါ"ဟုဆိုကာ ဖောင်တိန်စက္ကူများကို အသင့်ပြင်လိုက်လေ၏။

mgyoe.com

mgyoe.com

နေ့စွဲ ၂၀-၉-၅၅

လေးမြတ်စွာ အစီရင်ခံပါသည် အစ်ကိုကြီးရှင့်

အစ်ကိုကြီးထံမှ ပြန်စာကို ဒီကနေ့ရတာနဲ့ပဲ ချက်ချင်း စာပြန်လိုက်ပါသည်။ ဒီစာမှာ ထူးခြားချက်တစ်ရပ်ကို အစ်ကိုကြီး သတိထားမိပါလိမ့်မည်။ အဲဒါကတော့ ဆရာ့ကို ဆရာလို့မခေါ်ဘဲ 'အစ်ကိုကြီး'လို့ သုံးနှုန်းထားလိုက်ခြင်းပင် ဖြစ်ပါသည်။ ဆရာက တပည့်အဖြစ် အသိအမှတ်ပြုရန်မလိုဟု ဆိုထားသောကြောင့် ညီမငယ်သဖွယ် လှအပေါ်တွင် သဘောထား၍ ဆုံးမသွန်သင်ပါရန် လှက အပ်နှံပါရစေ။ ထို့အတွက်ကြောင့်ပင်'အစ်ကိုကြီး'လို့ ခေါ်ဝေါ်လိုက်ရခြင်းဖြစ်ပါသည်ရှင့်။ ဤစာနှင့်အတူ ညီမလေးရေးသော ကဗျာတစ်ပုဒ် ပို့လိုက်ပါသည်။ မကြာမီ အစ်ကိုကြီးထံမှ အကျိုးအကြောင်း သိရလိမ့်မည်ဟု မျှော်လင့်နေရပါသည်ရှင့်။

လေးစားယုံကြည်စွာဖြင့်

ညီမလေး–လှ

"ဟီဟီ...ဒီတစ်ချီတော့ မြင်းကမလှုပ် ခုံကလှုပ်ပစ်လိုက်ပြီဗျို့၊ သူ့ဆီကပြန်စာကို စောင့်ရမယ်"

ကိုဘလှသည် သူရေးထားသောစာနှင့် ဖြစ်ကတတ်ဆန်း စပ်ထားသော ကဗျာတစ်ပုဒ်တို့ကို ကိုထွန်းအားပြရင်း ပြောလိုက်ပြန်လေ၏။

ကိုဘလှ၏စာကို ထည့်လိုက်ပြီးနောက် ၁၀ ရက်ခန့်အကြာတွင် ဆရာဝေဠုထံမှ ပြန်စာတစ်စောင် ရောက်လာလေ၏။ စာမှာကား...

ရန်ကုန်

နေ့စွဲ ၃၀-၉-၅၅

အစ်ကိုကြီး စာရေးပြန်ကြားပါသည်။ ညီမလေးပေးစာကို ကောင်းစွာရရှိပါ၏။ အစ်ကိုကြီးမှာ မဂ္ဂဇင်းဖောင်ပိတ်ရက်တွေနှင့် တိုးနေ၍ ရတ်တရက် စာမပြန်ရသည်ကို သည်းခံပါ။ ပေးပို့လိုက်သော ညီမလေး၏ ကဗျာကို ဖတ်ကြည့်ရာ ကာရန်ကို ကောင်းစွာ

mgyoe.com

mgyoe.com

မနိုင်နင်းသေးဘဲ ရှိနေသည်ကို တွေ့ရပါသည်။ ကဗျာဖွဲ့နည်း ကျမ်းများနှင့် ကဗျာကောင်းများကို လေ့လာစေချင်ပါသေးသည်။

ကျန်းမာပါစေ

အစ်ကိုကြီး

"ခင်ဗျားလူတော့ ဗုန်းဗုန်းလဲ ရှာပြီဗျို့။ ဟောဒီမှာ သူ့စာ၊ ဖတ်သာကြည့်ပေတော့"

ကိုဘလှသည် ကိုထွန်းအား ဆရာဝေဠု၏ပြန်စာကို ထိုးပြရင်း အားရပါးရ ပြောလိုက်လေ၏။ ကိုထွန်းလည်း စာကိုဖတ်ရာက "ကျွန်တော် မရှုံးသေးပါဘူးဗျ။ သူ့စာက ရိုးရိုးကြီးပဲ၊ ဘာမှအငွေ့အသက်ပါသေးတာမှ မဟုတ်ဘဲ"ဟု ဆင်ခြေတက်လိုက်ရာ ကိုဘလှက "အရှည်ကြည့်သေးတာပေါ့ ကိုထွန်းရာ၊ ဟဲဟဲ"ဟု ပြောပြီးနောက် ဆရာဝေဠုထံ စာပြန်ဖို့ ဟန်ပြင်လိုက်လေ၏။

နေ့စွဲ ၂-၁၀-၅၅

ခင်မင်ပါသော အစ်ကိုကြီး

ပြန်လိုက်တဲ့စာနဲ့ ကဗျာကို ကောင်းမွန်စွာရရှိပါပြီ။ ခုလို ဂရုတစိုက်ဝေဖန်ပြီးစာပြန်တဲ့အတွက် ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာ၊ ပိုပြီးတော့လည်း လေးစားခင်မင်မိပါတယ်။ အစ်ကိုကြီး ရေးလိုက်တဲ့အတိုင်း လှကြိုးစားပါ့မယ်။ ကဗျာဖွဲ့နည်းကျမ်းတွေ ဘာတွေကိုလည်း လေ့လာပါမယ်။ ပြီးတော့မှ ကဗျာတွေ ထပ်ပို့ဦးမယ်နော်။ သြော် ဒီလမဂ္ဂဇင်းမှာ အစ်ကိုကြီးရေးလိုက်တဲ့ ဝတ္ထုကိုဖတ်ရတာ လှဖြင့် သိပ်ပြီးသဘောကျတာပဲ အစ်ကိုကြီးရယ်။ နောက်ကိုလည်း အဲဒီလို ဝတ္ထုမျိုးတွေကို ရေးပါဦးနော်။ လှဖတ်ချင်လွန်းလို့ပါ။ ဆက်ဆက်ရေးပါနော်။

ချစ်ညီမလေး

လှ

mgyoe.com

"အဟီး"

ကိုဘလုသည် သူရေးသောစာကို ကိုထွန်းအား ပြလိုက်၏။ ကိုထွန်းသည် သူရေးသောစာဖတ်အပြီးတွင် "အရှည်ကြည့်သေးတာပေါ့ဗျာ"ဟုသာ ဆိုလိုက်လေသည်။

× × ×

မကြာမီ ဆရာဝေဠုထံမှ ပြန်စာရောက်လာပြန်၏။

နေ့စွဲ ၅–၁၀–၅၅

ချစ်ညီမလေးလှ

ပြန်စာကို ခုပဲရပြီး ချက်ချင်းစာပြန်လိုက်ပါတယ်။ ကဗျာကျမ်းများကို လေ့လာမယ်ကြားလို့ ဝမ်းသာပါတယ်။ ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်ပါတယ်။ ညီမလေး ကြိုးစားပါ။ အစ်ကိုကြီးတို့လည်း ကြိုးစားခဲ့ရပါတယ်။ ညီမလေးဖတ်ချင်တဲ့ ဝတ္ထုမျိုးတွေကို အစ်ကိုကြီး ကြိုးစားရေးပေါ့မယ်ကွယ်...။

ချစ်ခင်ပါသော

အစ်ကိုကြီး

ကိုဘလု ဝါးခနဲရယ်ချလိုက်ပြီးနောက်...

"ခင်ဗျားဆရာကြီးတော့ နေမြင့်လေအရှုးရင့်လေဖြစ်လာပြီဗျို့၊ ကြည့်စမ်းပါဦး"ဟုဆိုကာ ဆရာဝေဠုထံမှ ပြန်စာကို ကိုထွန်းအားပြလိုက်လေ၏။ ကိုထွန်းသည်စာကိုဖတ်ရင်း မျက်နှာကြီး ရှုံ့တွတွဖြစ်လာလေတော့သည်။ ဤတွင် ကိုဘလုက အားရပါးရပြုံးရင်း...

"ဒီတစ်ချီတော့ တစ်ဆင့်တက်ပြီး တိုးလိုက်ရဦးမဗျို့။ ဟောဒီလို... ဟောဒီလို"ဟု ဆိုကာ သူ့အိတ်ထဲမှ ဓာတ်ပုံကလေးတစ်ပုံကို ထုတ်လိုက်လေ၏။ ပုံမှာ မိန်းမချောကလေးတစ်ဦး၏ ဓာတ်ပုံဖြစ်လေသည်။

"ဒါက ဘာလဲဗျ၊ ကိုဘလုရ"

"ခင်ခင်လှရဲ့ပုံလေ...။ ဟဲဟဲ...ဟိုဓာတ်ပုံဆိုင်က တိတ်တိတ်ဝယ်လာတာဗျ၊ ဒီပုံကို ဆရာဝေဠုဆီ ပို့ရမယ်။ ဟဲဟဲ...ဤဖေကိုယ်အကြံက"

mgyoe.com

mgyoe.com


ကိုဘလှသည် ဓာတ်ပုံနှင့်အတူပို့ရန် စာတစ်စောင်ကို ရေးနေလေ၏။

နေ့စွဲ ၉–၁၀–၅၅

ချစ်ကိုကြီးရေ

ကိုကြီးဆီက စာကို ဒီကနေ့ပဲ လှရပါတယ်ကွယ်။ ကိုကြီးရဲ့ အားပေးမှုဟာ လှအဖို့မှာ တစ်ခါတည်း အားဆေးကြီးတစ်ပုံးလုံး မျိုလိုက်ရသလို အားတက်စေပါတယ် ကိုကြီးရယ်။ ဒါနဲ့ ကိုကြီးရယ် ကိုကြီးနဲ့ လှတို့ ခုလောက်အထိ ချစ်ခင်နေရက်သားနဲ့ ကိုကြီးရဲ့ ရုပ်ပုံလွှာကို တစ်ခါမှ လှမမြင်ဖူးသေးပါဘူး။ မဂ္ဂဇင်းတွေမှာ အခြား စာရေးဆရာတွေရဲ့ ဓာတ်ပုံတွေ ပါဖူးပေမဲ့ ကိုကြီးရဲ့ဓာတ်ပုံ တစ်ခါမှ မပါဘူး။ ကိုကြီးကို လှမြင်ဖူးချင်တယ် ကိုကြီးရယ်။ လှကိုချစ်ရင်၊ ခင်ရင် ကိုကြီးရဲ့ဓာတ်ပုံကို ပေးပါနော်၊ လှရဲ့ ကျောက်အိုးကွဲ အရုပ်ဆိုး ဓာတ်ပုံကိုလည်း ပေးလိုက်ပါတယ်။ ပုံကို ကြည့်ပြီးတော့ လန့်ပြီးဖျားမနေနဲ့ဦး။ ကိုကြီးဖျားရင် လှက လာပြီး ပြုစုနိုင်တာမဟုတ်ဘူး။ လှက အဝေးကြီးမှာ။ အနားမှာသာဆိုရင်တော့ ပြုစုမှာပေါ့။ ကိုကြီးရဲ့ဓာတ်ပုံ ဆက်ဆက်ပို့ပါနော်။ လှမျှော် နေပါ့မယ်။

ချစ်တဲ့ညီမ

လှ

"ဝို့...ဒီတစ်ချီတော့ ခင်ဗျာ့ လူကို နော့ကောက် ချလိုက်ပြီကိုထွန်းရေ..."

ကိုဘလှသည် ဓာတ်ပုံနှင့်စာကို စာအိတ်ထဲသို့ ထည့်ရင်း ကြုံးဝါးလိုက်လေ၏။

၄၊ ၅၊ ၁၀ ရက်ခန့်အကြာတွင် ဆရာဝေဠုထံမှ ပြန်စာတစ်စောင်သည် ရောက်၍ လာတော့သည်။ စာမှာကား...

mgyoe.com

နေ့စွဲ ၁၆–၁၀–၅၅

ချစ်တဲ့ညီမလေးလှ

ပေးလိုက်တဲ့စာနဲ့ ဓာတ်ပုံကို ရပါတယ်။ ကိုကြီးရဲ့ဓာတ်ပုံကို မဂ္ဂဇင်းတွေမှာ မတွေ့ရတာကတော့ ကိုကြီးရဲ့ရုပ်က သိပ်ဆိုးတာလှရဲ့၊ ကင်မရာမှန်ဘီလူးကတောင် လန့်လန့်ပြီး ကွဲတာနဲ့ ဓာတ်ပုံဆိုင်တွေက ရိုက်မပေးဝံ့ကြဘူး။ လှရဲ့ပုံကတော့ နာမည်နဲ့လိုက်အောင်လှပါပေတယ်ကွယ်။ သဘောကောင်း၊ မနောကောင်း၊ ချိုသာကြည်လင်မယ့်ရုပ်၊ ကောင်းစားမယ့်ရုပ်ရည်မျိုးပါပဲ။ လှရဲ့ပုံကို ကိုကြီးရဲ့ စာရေးစားပွဲမှာ မှန်ဘောင်ကလေးသွင်းပြီး ထောင်ထားပါတယ်။ ကိုကြီးရဲ့ပုံကို မပေးလိုက်ရတာကို သည်းခံပါနော်

ချစ်တဲ့ကိုကြီး

ဝေဠု

"သူ့စာအရ ဆိုရင်တော့ ခင်ဗျာ့ ငနဲသားက သောက်ရုပ် ခပ်ဆိုးဆိုးနဲ့ တူတယ်ဗျ။ ဒါပေမဲ့ ကျွန်တော် ပို့လိုက်တဲ့ ဟိုကောင်မလေးရဲ့ပုံကို ကြည့်ကြည့်ပြီး ငမ်းနေမှာကို မြင်ယောင်သေးသဗျာ ဟား...ဟား...၊ ဒီတစ်ချီတော့ ငနဲသားကို မီးသေအောင် ကြိတ်တော့မယ်။ ခင်ဗျား ငွေတစ်ကျပ်သာ အဆင်သင့်ထားပေရော့"

ကိုဘလှသည် ဆရာဝေဠုထံ စာပြန်ရန် ဟန်ပြင်ရင်း ကိုထွန်းအားပြောလိုက်လေ၏။

နေ့စွဲ ၂၀–၁၀–၅၅

အစ်ကိုဝေ

ပြန်စာကိုရပါတယ်အစ်ကိုဝေ။ အစ်ကိုဝေ့ဓာတ်ပုံကို မရတာကိုဖြင့် လှ မကျေနပ်နိုင်ပါဘူး။ ဘာလဲ အစ်ကိုဝေက အစ်ကိုဝေရဲ့ယောက်ျားပီသတဲ့ ဓာတ်ပုံကို လှကြည့်ရင်း ရူးသွားမှာ စိုးလို့လား။ အစ်ကိုဝေ့ဓာတ်ပုံကို မရနိုင်သေးတော့ လှမှာဖြင့် အစ်ကိုဝေ့ရဲ့လက်ရေးဝိုင်းဝိုင်းစက်စက်လှလှကလေးတွေကိုချည့်ကြည့်ပြီး စိတ်

mgyoe.com

mgyoe.com

ကို ဖြေရပါတယ်။ လက်ရေးဒါလောက်လှတဲ့အစ်ကိုဝေဟာ ကိုယ်လက်ကြံ့ခိုင်ရမယ်၊ ရုပ်ရည်တည်ကြည်ချောမောရမယ်၊ သိက္ခာရင့်ကျက်ရမယ်၊ စိတ်သဘောကောင်းမွန်ရမယ်ဆိုတာ လှရိပ်မိပါတယ် အစ်ကိုဝေရယ်။ အစ်ကိုဝေ့ လက်ရေးတွေကိုကြည့်ရင်း လှရဲ့စိတ်ထဲမှာ ဘယ်လိုကြီးနေမှန်းမသိဘူး။ ရင်တလှပ်လှပ်နဲ့။ ဩော် ဒါနဲ့ အစ်ကိုဝေရယ် လှကို ချစ်ရင် သနားရင် စာချက်ချင်းပြန်ပါနော်။ အစ်ကိုဝေ့စာကို မျှော်ရတာကြာတော့ ပို့စမင်းကိုတောင် ရှက်ချင်လာပါပြီ။ လှရင်ထဲမှာရှိနေတာတွေကို အစ်ကိုဝေ အကုန်လုံး သိစေချင်တယ်။ တော်ပြီကွယ်၊ ရေးရင်းရေးရင်း ကိုယ့်အဖြစ်ကို ကိုယ်ရှက်မိပါရဲ့။ တော်သေးပြီနော်။

သာယာသော အချိန်များနဲ့သာ တွေ့ပြီး မျှော်လင့်ချက်တွေ ပြည့်စုံပါစေလို့...

ချစ်–လှ

"ဒီတစ်ခါတော့ သူ့ဆီက ပြန်စာဟာ ခင်ဗျားကို ငွေတစ်ကျပ်ဖြုတ်မယ့် စာပဲလို့သာ မှတ်လိုက်ပေတော့ ဆရာထွန်းရေ့၊ ခင်ဗျာ့ ငါးကြီးတော့ ငါးမျှားချိတ်ကို ဟပ်တော့မယ်၊ မယုံရင် စောင့်ကြည့်..."

ကိုဘလှသည် ကျေနပ်စွာ ပြောလိုက်လေ၏။

× × ×

ကိုဘလှ ပြောသည့်အတိုင်းပင် မကြာမီ ဆရာဝေဗျူထံမှ စာပြန်၍ လာ၏။

နေ့စွဲ ၂၇–၁၀–၅၅

ချစ်တဲ့လှလေးရေ .

အစ်ကိုဝေဖြင့် လှရဲ့စာကိုဖတ်ပြီးတော့ ကိုယ့်ကုသိုလ်ကို ကိုယ်မယုံနိုင်အောင် ဖြစ်ရတယ်။ လှ ဆိုလိုတာကို အစ်ကိုဝေ နားလည်ပါတယ်ကွယ်။ အစ်ကိုဝေမှာလည်း လှရဲ့ဓာတ်ပုံလေးကို မရခင်က ဆူလှိုက်နေသမျှဟာ ဓာတ်ပုံကိုလည်းရကရော တစ်ခါတည်း

mgyoe.com

mgyoe.com

ပွင့်အန်ပြီးတော့ ထွက်ရတာပါပဲ အချစ်ရယ်။ ရန်ကုန်နဲ့မန္တလေး အလှမ်းဝေးနေတာက ခက်လှတယ်ကွယ်၊ နို့မဟုတ်ရင်ဖြင့် ကိုဝေလေ လှဆီကို ချက်ချင်း ပြေးလာချင်တော့တယ်ကွယ်။ ငှက်သွင် ပျံကြွမတတ်သော်ဆိုတဲ့ နတ်သျှင်နောင်ကို ခုမှ ကိုယ်ချင်းစာတတ်တော့တယ်။ မကြာခင် လှနဲ့တွေ့ရပါစေလို့

လှရဲ့ကိုဝေ

× × ×

"ပေးတော့ တစ်ကျပ်"

ကိုဘလှသည် စာကိုထိုးပေးရင်း ကိုထွန်း၏ရှေ့၌ လက်ဝါးကို ဖြန့်လိုက်လေ၏။ ကိုထွန်းလည်း ခပ်ရှုံ့ရှုံ့နှင့် တစ်ကျပ်တန် ငွေစက္ကူတစ်ရွက်ကို ပေးလိုက်ရင်း "အေးဗျာ...၊ ဒီဆရာတွေကလည်း ငမ်းပဲငမ်းလွန်းပါတယ်" ဟု ညည်းညူလိုက်လေ၏။

"ဒါလောက်နဲ့များ ဘယ်ပြီးဦးမလဲ ကိုထွန်းရ။ ကျွန်တော်ကုန်ဝယ်ဖို့ ရန်ကုန်ကို ဆင်းစရာရှိတယ်၊ ရန်ကုန် ရောက်ရင် အောင်ဇေယျာမဂ္ဂဇင်းတိုက်ကို ဝင်ပြီး ဆရာဝေဠုဆိုတာကို သေသေချာချာကြည့်ခဲ့မယ်။ ပြန်လာတော့မှ ခင်ဗျား ငမ်းငနဲဟာ ဘယ်လိုငတိလဲဆိုတာ ကျွန်တော် ပြောပြမယ်။ ဓာတ်ပုံရရင်လည်း တောင်းခဲ့မယ်။ ကျွန်တော်တို့ စကားဝိုင်းတွေမှာ သူ့ပုံကြီးပြပြီး သောကြရအောင် ဟုတ်လား။ ကဲ...ကဲ...အစ်ကိုဝေဆီ စာပြန်ဦးမှ အဟိ"

ကိုဘလှသည် ပြန်စာကို ကောက်၍ ရေးလေ၏။

နေ့စွဲ ၄-၁၁-၅၅

ချစ်ကိုဝေ

လှရဲ့နည်းတူ ကိုဝေက လှအပေါ်မှာ ချစ်စေတနာထားတယ်ဆိုတာကို သိရတာ လှမှာပီတိတွေကို စိမ့်စိမ့်ဖြာပြီး အသည်းနှလုံးတွေ သိမ့်သိမ့်ခါပြီး သွားရပါတယ်။ ချစ်တယ်ကိုရယ်၊ ကိုဝေကို လှချစ်တယ်။ လှအပေါ်မှာ သစ္စာနှောင်ကြိုးမြဲပါနော်...။

mgyoe.com

mgyoe.com

ဩော်...ဒါနဲ့ကိုဝေရေ၊ လှလေ မိတ်ဆွေတစ်စုနဲ့ ၁၀–၁၁–၅၅ မှာ ရန်ကုန်ကို လာမလို့။ ရန်ကုန်မှာရှိတဲ့ ဘွားအေကြီးက မှာတာနဲ့ ခရီးကြုံတဲ့မိတ်ဆွေတွေရှိတုန်း လှလာရမှာ။ ဒီတော့ကာ ဘူတာကြီးကနေပြီး ၁၄၊ ၁၅၊ ၁၆ ရက်တွေမှာ ကြိုပါလားကွယ်။ လှ ဓာတ်ပုံထဲကရုပ်အတိုင်း အပြင်မှာလည်း လှဟာ ရုပ်ဆိုးဆိုးမို့ ကိုဝေ မှတ်မိပါလိမ့်မယ်...ဟဲဟဲ။ ကိုဝေကြိုရင် ရေနံရောင် ဘန်ကောက်နဲ့ အယ်လ်ပတ်ကားအပေါ်အင်္ကျီဝတ်ပြီး ကြိုနော်။ သုံးရက်အကြိုခိုင်းတာက ရထားက အချိန်မသေချာလို့ပါ။ ကိုဝေတွေ့ချင်နေတဲ့လှကို ကိုဝေလူချင်းတွေ့ရပါတော့မယ်ကွယ်။ ဝမ်းသာထားနှင့်ပေတော့။ ရန်ကုန်ရောက်ရင် လိုဏ်ဂူတော်တို့၊ ကမ္ဘာအေးတို့ကို လိုက်ပို့ရမှာ ဆရာ။ ပြီးတော့ရုပ်ရှင်လည်း ကြည့်ချင်တယ်။ အင်းယားမှာ ရေကူးလည်းသွားရအောင် ဟုတ်လား။ ဆက်ဆက်ကြိုနော်။

အချစ်မွှေးမွှေးများစွာဖြင့်

လှ

"ဝါး ဟား ဟား၊ ရော့ ဖတ်စမ်းပါဦး"

ကိုဘလှ ထိုးပေးလိုက်သောစာကို ဖတ်ပြီးနောက် ကိုထွန်းက "ဘာတွေရေးတာလဲဗျ"ဟု မေးလိုက်၏။

"ဒီလိုလေဗျာ...ငတိက ဘူတာမှာ ဆင်းကြိုမယ်၊ သူ့ကို ကျွန်တော်က ဘန်ကောက်နဲ့အင်္ကျီကြောင့် သိနိုင်တယ်။ သူကတော့ ကျွန်တော့်ကို ဘယ်သိမလဲ။ ငတိကြည့်ပြီး ကျွန်တော် ဘယ်လောက် ဝမ်းထဲကကျိတ်ပြီး ရယ်ရမယ်ဆို စဉ်းစားသာကြည့်တော့ဗျာ ဟားဟား။ ငနဲသားဟာ အနည်းဆုံး သုံးရက်တော့ ဂျောက်ပေါ့။ ဘူတာမှာ ဗျိုင်းကြီးလို လည်ပင်းတငင်ငင်နဲ့ နေရမှာ မြင်ယောင်သေး...အဟေး ဟေး"

ကိုဘလှသည် သူ့အကြံကို သူ သဘောကျနေလေ၏။

× × ×

လေးရက်အကြာတွင် ဆရာဝေဋ္ဌထံမှ စာရောက်လာ၏။

mgyoe.com


နေ့စွဲ ၈–၁၁–၅၅

လှ

လှ လာမယ်ဆိုလို့ ဝမ်းသာလိုက်တာ။ စာတောင်ဖြောင့်ဖြောင့် ရေးလို့မရဘူးကွယ်။ ကဲ တိုတိုပဲ၊ ကိုဝေကြိုမယ်၊ မတော်တဆလွဲရင် ကိုဝေတို့တိုက်ကိုလာပေါ့၊ ဟုတ်လား၊ လာခဲ့နော်။

လှရဲ့ကိုဝေ

"ကိုဘလှသည် စာတိုကလေးကိုဖတ်ကာ မျက်လုံးပိတ်အောင် ရယ်၍နေပြီးမှ ကိုထွန်း၏လက်သို့ စာကိုကမ်းလိုက်လေ၏။

× × ×

ကိုဘလှသည် ရန်ကုန်သို့ လဆန်း ၁၁ ရက်နေ့တွင် ဆင်းသွား၏။ "အပြန်ကျမှ ခင်ဗျား ဆရာဇေ့ဌူ အရုပ်လူးနိုင်ပုံကို သောကြဦးစို့ဗျို့"ဟုလည်း ဘူတာသို့လိုက်ပို့သူ ကိုထွန်းအား မှာ၍သွားလေသည်။

ရက်ပေါင်း ၂၀ ကျော်မျှ ကြာ၍သွားပြီးနောက် ကိုထွန်း၏ အိမ်သို့ သူငယ်မကလေးတစ်ယောက် လာ၍ စာတစ်စောင် ပေး၏။

စာမှာ...

ကိုထွန်းရေ

မနေ့ညကမှ ပြန်ရောက်တယ်။ ခု စာရရခြင်း လိုက်ခဲ့စမ်းပါ။ ဆရာဝေဌူအကြောင်းပြောရအောင်။

ဘလှ

ကိုထွန်းသည် ကိုဘလှ၏အိမ်သို့ ကောက်၍ လိုက်သွား၏။ ရောက်သောအခါ ကိုဘလှသည် ပြုံးပြုံးကြီး ဆီးကြို၍ နေလေသည်။

"လာ...ကိုထွန်း"

"ဘယ်နှယ့်လဲ ခင်ဗျားဆရာဝေဌူ တွေ့ခဲ့ရဲ့လား"

ကိုထွန်းက မေးလိုက်သည်တွင် ကိုဘလှကပြုံး၍...

mgyoe.com

mgyoe.com

"တွေ့ခဲ့ပါတယ်ဗျာ၊ ထိုင်စမ်းပါဦး" ဟုဆိုသဖြင့် ကိုထွန်းသည် ကုလားထိုင်၌ ဝင်၍ထိုင်လိုက်ရလေ၏။

"ဘယ်မှာလဲဗျ ကိုဘလှရဲ့"

"ကျွန်တော် ရန်ကုန်ကို ရောက်သွားတော့ ဆရာဝေဠုကို ရထားစကြံမှာ ရှာသဗျ၊ မတွေ့ဘူး။ ဒါနဲ့ ကိစ္စကလေးတွေ ပြီးတော့ကာ အောင်ဇေယျာ မဂ္ဂဇင်းတိုက်ကို သွားပြီး ဆရာဝေဠုနဲ့တွေ့ရသဗျ၊ အဆင်သင့်ပဲ တွေ့ရတယ်။ တဖြည်းဖြည်း တစ်ယောက်နဲ့တစ်ယောက် ခင်မင်သွားပြီး အကြောင်းအပေါင်းသင့်သွားကြတာပေါ့ဗျာ ဟဲဟဲ"

ထိုခဏတွင် လှပခန့်ထည်သောအမျိုးသမီးတစ်ဦးသည် အိမ်တွင်းခန်းမှထွက်လာကာ ကိုဘလှ၏အနီး၌ ခပ်ပြုံးပြုံး ဝင်ထိုင်လိုက်လေ၏။ ကိုထွန်းသည် ဤအိမ်တွင် တစ်ခါမျှ မမြင်ဖူးသော အမျိုးသမီး လူစိမ်းကိုကြည့်ရင်း အံ့အားသင့်နေခိုက် ကိုဘလှက "ဟောဒါက ကိုထွန်း...၊ ဟောဒါက ဆရာဝေဠု"ဟု မိတ်ဆက်ပေးလိုက်ရာ ကိုထွန်းမှာ ပါးစပ်အဟောင်းသားနှင့်ဖြစ်နေရလေ၏။ ပြီးမှ "ဘယ်လိုလဲဗျာ...ရှင်းကြစမ်းပါဦး"ဟု ဆိုလိုက်မိရာ ကိုဘလှက ပြုံးရင်း"ကလောင်နာမည်က ဝေဠုဆိုတော့ ကျွန်တော်တို့ ယောက်ျား ထင်နေတာကိုးဗျ။ စင်စစ်မတော့ ဝေဠုအမည်ခံ ဟောဒီမြက မဂ္ဂဇင်းရဲ့အမျိုးသမီးကဏ္ဍကို တာဝန်ယူရသဗျ၊ ဝတ္ထုလည်းရေးတယ်။ ကျွန်တော် သူ့ကို မဂ္ဂဇင်းတိုက်ကို သွားပြီး ဆရာဝေဠုကိုမေးတော့ မြက "ကျွန်မပါပဲရှင်"လို့ ဆီးအပြောမှာ ကျွန်တော့်ကိုယ်ကျွန်တော်မယုံနိုင်ဘူး။ နောက်ကျမှ တခြားစာရေးဆရာတွေ မေးကြည့်ပြီး ယုံလာရတယ်။ ဒါနဲ့ ကျွန်တော်နဲ့မြဟာ မိတ်ဆွေဖြစ်ပြီး ၁၄ ရက် အတွင်းမှာ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်လေ...ဟဲ...ဟဲ။ လျှပ်တစ်ပြက်စိမ်ကိန်းပေါ့"ဟု ရှင်းပြလိုက်၏။

ကိုထွန်းလည်း မျက်လုံးပြူးမြဲပြူးရာက"နို့ ဟိုဟို စာတွေကကော..."ဟု မေးလိုက်ရာ ကိုဘလှက သူ့ဇနီးမြဘက်သို့ လှည့်၍"ရှင်းပြလိုက်ပါဦး မြရယ်"ဟု ဆိုလိုက်လေ၏။

မြလည်း ကြည်လင်စွာ ပြုံးရာက "ဒီလိုပါရှင်...၊ မြက မြရဲ့ကလောင်နာမည်ရှာတော့ ဝေဠုရိယကျောက်ညိုမြဆိုတဲ့ စာပိုဒ်ကလေးကို တွေ့တာနဲ့

mgyoe.com

mgyoe
'ဝေဠု'ဆိုတဲ့ နာမည်ကို ယူလိုက်တယ်။ ဒီနာမည်နဲ့ ရေးတာကို စာဖတ်ပရိသတ် အချို့က ယောကျ်ား စာရေးဆရာ ထင်နေကြတယ်လေ။ မြကလည်း ဝေဠုဟာ မိန်းမဆိုတာကို နယ်ကမသိအောင် လျှို့ဝှက်ထားခဲ့တယ်။ အဲဒါနဲ့ ကိုလှဆီက စာတွေရောက်လာတာပါပဲ"ဟု ဖြေ၏။

"ဒါနဲ့များဗျာ…၊ ကိုဘလှဆီက စာတွေကို ယောကျ်ားဟန်ဆောင်ပြီး ပြန်နေရသေးသလားဗျာ"ဟု ကိုထွန်းက မကျေမချမ်း မေး၏။

"ဒါကတော့ တစ်လနှစ်ကျပ်ကိုးရှင့်"

"ရှင်းပါဦးဗျာ"

"စာရေး ဆရာတွေဟာ စာဖတ်ပရိသတ်ကို အလိုလိုက်ပြီး အကြိုက်ဆောင်ကြရတယ်။ သူတို့ပေးတဲ့ စာတွေနဲ့လျော်ညီအောင် စာပြန်ရတယ်။ မဟုတ်ခါမှနေရော…ပြည်တည်တည်ရေးတဲ့နယ်က စာတွေကိုသာ အကုန်လုံး တကယ်ယုံမှတ်ရရင် မခက်သေးပါလားဦးထွန်းရယ်။ စာရေးဆရာဆိုတာဟာ အူလူးတွေမှ မဟုတ်ဘဲ၊ ပြီးတော့လည်း ခုလို ၁၅ ပြားဖိုး စာပြန်ရင် မြတို့က အမြဲမြတ်တယ်"

"ဗျို့…"

"ဟုတ်တယ်လေ…။ ဆိုပါတော့၊ ဝေဠုကို ပြည်တည်တည်စာရေးလို့ ဝေဠုက ပြည်တည်တည်စာပြန်ရင် အဲဒီစာဖတ်သူဟာ အောင်ဇေယျာ မဂ္ဂဇင်းကို လစဉ် မပြတ်တမ်း ဝယ်ဖတ်ကရော မဟုတ်လားရှင်…။ မြင်ပြီလား…အဲဒီအကွက်ကို"

ထိုခဏ၌ ကိုဘလှသည် စာအိတ်တစ်လုံးကို ကိုထွန်းအား လှမ်းပေးရင်း စကားဆက်လိုက်၏။

"စင်စစ်မှာ ကျွန်တော် ရှုံးတာဗျို့…။ ဒါပေမဲ့…အရှုံးကောင်းဆိုပါတော့ဗျာ…၊ ဟဲဟဲ…ရော့…ဟောဒီ စာအိတ်ထဲမှာ ပါလေရဲ့ ငွေ ၁၀၀ ကျပ်…"

အောင်မြင်

၁၉၅၆ ခုနှစ်၊ ဇွန်လ။ အတွဲ ၄၊ အမှတ် ၈။

❑

mgyoe.com

mgyoe.com

# တိုက်ဂါး၊ သီတာနှင့် ကဗျာတစ်ပုဒ်

မိုးဟိန်း

လှဖေ ခင်မာဝင်းနှင့် ညားခဲ့ရသည်ကား တကယ်အံ့ဩဖွယ်ရာဖြစ်၏။ ယုံချင်ယုံ မယုံချင်နေ၊ ဆရာကြီး ရစ်(ပ)လေ သာသိသွားလျှင် လှဖေနှင့် ခင်မာဝင်းတို့ ညားပုံကို သူ့'ယုံချင်ယုံမယုံချင်နေ'ကာတွန်း ညွှန့်ပေါင်းကြီးထဲတွင် ထည့်လိုက်မှာ သေချာလှသည်။

လှဖေက ဘီအေအောင်ပြီး အလုပ်ရှာနေဆဲ ငနဲတစ်ယောက်ဖြစ်၏။ ခင်မာဝင်းက ၁၀ တန်းနှင့် လက်နှိပ်စက်အောင်ပြီး ရုံးတစ်ရုံးမှ စာရေးမဖြစ်သည်။ ခင်မာဝင်းမှာ မြင်ရသူ ဖိုတစ်ဖက်သားတို့ အလိုရမ္မက်ပွားအောင် ချောသူ လှသူရယ်လို့ မဆိုနိုင်သည့်တိုင်အောင်လည်း အသားညိုညိုညက်ညက်နှင့် သနားကမားရှိသူဖြစ်၏။ ကျန်းမာရွှင်လန်းသူပီပီ အသားအရေကြည်လင်ချောမွေ့၏။ အရပ်အမောင်း သွယ်ပျောင်း ကျော့ရှင်း၏။

ခေတ်မိန်းကလေးတို့ တပ်အပ်သော အဋ္ဌာရသ ၁၈ ရပ်သော ပညာများ အပါအဝင် ခါးကိုသေးအောင် လုပ်ခြင်း၊ တင်ကိုကားအောင်လုပ်ခြင်း၊ ရင်ကိုစုန့်စုန့်ပြူးပြူး ထူးထူးထွေထွေ အံ့ဘနန်း ဖန်ဆင်းခြင်း၊ ဆံပင်ကို မုန့်တွန့်ဆံကဲ့သို့ ဖန်တီးထားခြင်း၊ မျက်နှာကို မိတ်ကပ်လုပ်ခြင်း စသော ပညာရပ်များကိုလည်း တတ်ကျွမ်းထသော ခင်မာဝင်းဖြစ်ရကား လှဖေက

mgyoe.com

mgyoe.com
ဤခင်မာဝင်းကို စိတ်မဝင်စားလို့တော့ မဖြစ်။

လူပျိုနှင့်အပျိုပီပီ နည်းနည်းပါးပါးတော့ စိတ်ဝင်စားသည်။ သို့သော် သူ့ကို အိမ်ထောင်သားမယားပြုဖို့ထက် ဟိုဘုတ်ဒီဘုတ်တွေတွင် တင်ထားသော လျှောက်လွှာများအတွက် ဘယ်နေ့အင်တာဗျူး သွားမလဲ ဟဲ့။ အင်တာဗျူးကျတော့ ဘာတွေများမေးမှာလဲဟဲ့။ မဆီမဆိုင် ကတန်းဂါး သမ္မတနာမည် ဘယ်သူလဲလို့ မေးနေရင် ဒုက္ခပဲဟဲ့..ဟု ကိုယ့်ကိစ္စနှင့်ကိုယ် တဟဲ့ဟဲ့တည်းဟဲ့နေရသည်နှင့် ခင်မာဝင်းခါးက ဘယ့်ကလောက်ရှိလို့ တင်နဲ့ ရင်က ဘယ်နှစ်လက်မ စကေးကိုက်မည်ကို လှဖေတစ်ခါမျှ စဉ်းစား မကြည့်မိသေး။ စိတ်ကူးမကြည့်မိသေး။

လှဖေက အမ်ကွန်းချိန်တို့အိမ်က ဖြစ်၏။ အမ်ကွန်းချိန်မိန်းမဒေါ်ခင် စု၏မောင် တော်သည်။ နဂိုက အမ်ကွန်းချိန်တို့ဒေသကျိုက်မရောက ဖြစ်သော်လည်း ရန်ကုန်တွင်လာပြီးအလုပ်ရှာမှရနိုင်မည့် ပညာရှင်ဖြစ် နေသည်။ ငါးများ ကြီးကြီးလာတော့ ချောင်းမြောင်းကနေပြီး မြစ်တို့၊ အင်းတို့ကတစ်ဆင့် ပင်လယ်သမုဒ္ဒရာကူးရတယ်ဆိုလား။ အဲ...အဲ ဘယ် နီတိကမှန်းမသိ။ နီတိတစ်ခုခုကဆို၏။ ထို့ကြောင့် ကြီးလာသောငါးလို ဘီအေဖြစ်လာသောလှဖေသည် ကျိုက်မရောတွင် ဘိုက်ထိုးနေလို့ မဖြစ်။ ရန်ကုန်ဆင်း အလုပ်ရှာနေရခြင်း ဖြစ်သည်။ ကဲ..ဖေတော့ မောင်တော့ ဝတ္ထုတွေထဲက သင်ခန်းစာ တစ်ခုမရတော့ဘူးလားဗျာ။

အမ်ကွန်းချိန်ကား ဗဟန်းဘက်က လမ်းတစ်လမ်းတွင် နေသည်။ သူ့အိမ်မှာ အောက် ၂ ခန်း၊ အပေါ် ၂ ခန်း၊ ၄ ခန်းဖြစ်ရာ သူက အောက် ထပ်တစ်ခန်းတွင်နေ၍ ကျန် ၃ ခန်းကို အိမ်ငှားတင်ထားသည်။ အောက်ထပ်တစ်ခန်း သူတို့နှင့်ထရံတစ်ချပ်သာခြားသော အခန်းတွင်ကား ကိုမြင့်မောင်နှင့်မတင်ဥတို့နေသည်။ မတင်ဥတူမကား ကျွန်တော်တို့ ဇာတ် လိုက်မင်းသမီး ခင်မာဝင်းပေတည်း။

အိမ်ငှားနှင့်အိမ်ရှင်တို့မှာ တော်တော်ပနံစားသည်။ စားပုံကား ဤသို့တည်း။ အိမ်ငှား ကိုမြင့်မောင်တွင် တယ်ရီယာအမျိုးအစား ခွေး တစ်ကောင်ရှိ၏။ 'တိုက်ဂါး'ဟု နာမည်ပေးထားသည်။ သားမရှိ၊ သမီး မရှိ။ လင်မယားနှစ်ယောက်သည် တိုက်ဂါးကိုသာ သူတို့ဂရုစိုက်စရာဟု
mgyoe.com

mgyoe.com


သဘောထားသည်။ သူတို့၏လောက ကျဉ်းကျဉ်းကလေးထဲတွင် တိုက်ဂါးကား သူတို့၏ ရတနာမျက်ရှ သားရွှေဥဖြစ်နေသည်။ ခင်မာဝင်းမှာ တူမဟုဆိုသော်လည်း ကိုယ်ရင့်တတူကြီးဖြစ်သည်။ ပြီးတော့ ရန်ကုန်ရောက် အလုပ်ရမှသာ အခြားနေစရာအိမ်မရှိသည်နှင့်မတင်ဥတို့အိမ်ပေါ် ရောက်လာခြင်းဖြစ်သည်။ နဂိုက ခပ်စိမ်းစိမ်း နေခဲ့ကြသူများပီပီ တူမကလေးရယ်လို့ တယ်ပြီး ကြင်ကြင်နာနာ ကယုကယင်မရှိကြ။ ဟုတ်ကဲ့...ဒီကြားထဲ မတင်ဥ ကယုကယင်သလို ဦးလေးကြီး ဖိုးမြင့်မောင်ကပါလိုက်ပြီး ကယုကယင် လိုက်မှာကလည်း ကြောက်ရသေး၏။

ထို့ကြောင့် သူတို့အဖို့ တိုက်ဂါးသာလျှင် သူတို့တွင် ပိုလျှံနေသော အချစ်တွေ သိုလှောင်ရာ ချစ်ဘဏ္ဍာတိုက်ကြီးဖြစ်နေတော့သည်။ တိုက်ဂါးကို ခွေးတိုက်ဆပ်ပြာမွှေးနှင့် ရေချိုးပေးရ၏။ ထို့နောက် မွှေးပွတဘက်နှင့်သုတ်ကာ ခွေးသုံး ကျန်းမာရေးပေါင်ဒါ ထည့်ပေးခြင်း၊ ဝက်မှင်ဘီးနှင့်ဖီးပေးခြင်း စသောအလုပ်တွေကို လင်မယား ၂ ယောက် တပြုံးပြုံးနှင့် မမောနိုင်မပန်းနိုင် လုပ်လေ့ရှိသည်။

မတင်ဥက အတော်အသံကျယ်သူ ဖြစ်၏။ သူစကားတစ်ခွန်းပြောလျှင် တစ်အိမ်တည်းနေသူများသာမက အိမ်ရှေ့အိမ်တန်းကပါ ကြားရတတ်၏။ ထို့ကြောင့် အနီလမ်းကလေးထဲတွင် မတင်ဥ၏ ပထမလေသံ ညှင်းညှင်းနှင့်...

"တိုက်ဂါး"ဟု အချိုသံနှင့်ခေါ်လိုက်ပြီးနောက် ထပ်ဆင့်၍ "တိုက်ဂါး..."ဟု ခပ်ပြင်းပြင်း အချသံနှင့် ခေါ်ဟန်များကိုကား လူတိုင်း အလွတ်ရနေပြီး ဖြစ်၏။ ကိုမြင့်မောင်တို့မတင်ဥတို့ သူတို့ခွေးမှခွေး၊ သူတို့ခွေးသာ သူတို့ဂရုစိုက်သလို အမ်ကွန်းချိန်ကလည်း သူ့သမီး'သီတာ'ကို တော်တော်စိတ်ဝင်စား၏။

"မိဘအားလုံး သားသမီးကိုမုန်းတယ်လို့ ထုံးမရှိဘူး ဦးသော်ဒါရေ..." ဆိုသလို အဘယ်မိဘမဆို သားသမီးကိုတော့ချစ်ကြစမြဲပင် ဖြစ်မည်။ မမဲတူသား အသားမဲကလေးကိုပင် မမဲတူကတော့ ရွှေမင်းသားကလေးထင်မည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့သော် အမ်ကွန်းချိန်တို့ လင်မယား သူတို့သမီးကလေးသီတာအပေါ် စိတ်ဝင်စားပုံကတော့

mgyoe.com

mgyoe.com
တော်တော်ပိုသည်။ သူတကာတွေထက် ပိုသည်ဟုပင် ဆိုရပေမည်။

သီတာကား ၅ နှစ်အရွယ်ကလေးမလေးဖြစ်သည်။ စကားတတ်သည်မှာလည်း မှန်၏။ ရေးကြီးခွင်ကျယ် လုပ်တတ်သည့်လည်း မှန်၏။ သို့သော် ဒီကလေးမျိုး စကားတတ်ပုံမှာ သူ့မိဘကလွဲ၍ ကျန်ပုဂ္ဂိုလ်တွေက ဖနောင့်နှင့်ထပေါက်ချင်စရာဖြစ်၏။

တစ်ခါက အင်ကွန်းချိန်နှင့် မျက်နှာကြော သိပ်မတည့်သော မခင်စုအမေကြီး ဘုရားဖူးရင်းဆိုသလို ရောက်လာ၏။ အမယ်ကြီးမှာ ဘုရားဖူးဆိုသော်လည်း ဆံပင်ဆိုးဆေးကလေး ဘာကလေးဝယ်ရန် ဖြစ်၏။ တော်တော် နပျိုချင်သော အမယ်ကြီးပါပေတည်း။

အနီအမျိုးသမီးကြီးမှ မြေးကြီးသီတာနှင့် သွားတွေ့၏။ ကမ္ဘာနိယာမထုံးတမ်းစဉ်လာအတိုင်း အမ်ကွန်းချိန်က သူ့ယောက္ခမကြီးကို တယ်ပြီးမေတ္တာသက်ဝင်ခြင်းမရှိလှ။ သူ့ယောက္ခမကြီးတစ်ခေါက်ရောက်လာလျှင် လင်မယားချင်းတစ်ကြိမ်တော့ စကားများရစမြဲ ဖြစ်သည်။

"ကြီးကြီး ဘယ်တုန်းက ရောက်သလဲ၊ ဟိုအရပ်မှာ နေရထိုင်ရတာ အေးအေးချမ်းချမ်းပဲနော်..."

အခန်းနီးချင်း ကိုမြင့်မောင်နှင့် မတင်ဥတို့ ညစာ ထမင်းစားအပြီး ကူးလာကြကာ နှုတ်ဆက်ကြခြင်း ဖြစ်၏။ သူတို့ခွေးတိုက်ဂါးလည်း ပါလာသည်။

"တိုက်ဂါး၊ ဟဲ့...တိုက်ဂါး၊ အိုး...ကြီးကြီးကို ဘယ်နှယ်လုပ်တာလဲ"

တိုက်ဂါးက ကုလားထိုင်ပုကလေးပေါ် ထိုင်နေသော အမ်ကွန်းချိန်၏ ယောက္ခမအဒေါ်သာလှကြီး ပေါင်နှစ်လုံးပေါ် ရှေ့လက်နှစ်ဖက်ထောက်ပြီး လျှာတပဲပဲလုပ်နေသဖြင့် မတင်ဥက ဝင်အော်လိုက်ရသည်။

"ကိုရွှေကူး၊ ရှင့် တိုက်ဂါးကို ခေါ်စမ်းပါဦး"

ကိုရွှေကူးကား အခြားသူတစ်ယောက်ရယ်လို့ နားထွေးမသွားစေချင်ပါ။ ကိုမြင့်မောင်ကို မတင်ဥက ချစ်စနိုးနှင့် ခေါ်သောနာမည်ဖြစ်၏။ ဘာ့ကြောင့် ကိုရွှေကူးလို့ ခေါ်ရသည်ကိုတော့ ကျွန်တော်မသိ။ ဟုတ်ကဲ့...တစ်ခါတစ်ရံ လင်မယားတွေ သိပ်ချစ်ကြပါလားဆိုရင် ဒီလိုပဲ နာမည်ပြောင်းပြောင်းသွားတတ်သည်ကို တွေ့ရ၏။ ဇနီးမောင်နှံ နှစ်ယောက်ကို
mgyoe.com

mgyoe.com
တွေ့ဖူး၏။ ယောက်ျားက မိန်းမအား"အန်ဂလီးမ၊ အန်ဂလီးမ"နှင့် ခေါ်နေရာ ဆန်းသည်ထင်၍ မနည်းမေးယူရသည်။ ဒီတော့မှ သူ့ဇနီးလှည်ပြောညက် ကို ချစ်စနိုးနှင့် အရုပ်ဆိုးသော ဘဲကလေးဝတ္ထုအားကျပြီး (Ugly)မကျည်း တန်ဆိုပါတော့ဗျာ။ အဲ...အန်ဂလီးရယ်လို့ခေါ်ရာက ခံတွင်းတွေပြီး ရွေ့ လျောလာတော့ အန်းဂလီးမဖြစ်သွားရောတဲ့။ အင်း...စံပဲခင်ဗျ။

မတင်ဥအသံကြောင့် ကိုမြင့်မောင်က တိုက်ဂါးကို ဝင်ဆွဲထား လိုက်ရသည်။ ဒီတော့မှ ကြောင်အမ်းအမ်းဖြစ်နေသော ဒေါ်သာလှလည်း ရယ်နိုင်ပြုံးနိုင် ရှိလာတော့သည်။

"အဟင်း...ဟင်း...ဟင်း...၊ ဟောဒီ တိုက်ဂါးက အကျင့်မကောင်း ဘူး ကြီးကြီး"

မတင်ဥက ရယ်ရွှန်းဖတ်ရွှန်း လုပ်ရာက ဆိုသည်။

"ကိစ္စမရှိပါဘူးကွယ်"

"သူ...ဒီလိုပဲ ခွေးနောက်ပိုး၊ မိန်းမများမြင်ရင် ဖက်ဖက်တက်ချင် တယ်"

"အလို...ညည်းခွေးက..."

ဒေါ်သာလှ နည်းနည်း ဒေါပွသွားဘိ၏။ ဘယ့်နှယ်...လူပိုးခံရတာ က တော်ဦးမယ် မဟုတ်လား၊ ခွေးပိုးခံရတယ်ဆိုတော့ သူ့ဟာက ဘာကလို တိုတို ဘိုကလာတာတာကြီး ပါကလား ဟရို့ရဲ့။

"အဟွန်း...ဟွန်း...ဟွန်း။ ကြီးကြီးက ခုလိုဖီးလိမ်းထားတော့ တကယ်ယဉ်တာ၊ သိပ်နုတာပဲ၊ အမယ် ကြီးကြီးနှယ် တိုက်ဂါးက ယီးတီး ယားတားကောင် မှတ်သလား၊ မိန်းမတောင် ချောချောသန့်သန့်ယဉ်ယဉ် ခန့်ခန့် မိန်းမမှ ဖက်လဲတကင်း လုပ်ချင်တဲ့ကောင်။ စုတ်စုတ်ပြတ်ပြတ်နဲ့ဆို ရင် မိန်းမဖြစ်ဖြစ်၊ ယောက်ျားဖြစ်ဖြစ် တဝုတ်ဝုတ်ဟောင်ပြီး ထိုးလိုက်တာပဲ သိလား။ ကြီးကြီးက သိပ်ယဉ်တာ၊ ဒါကြောင့် တိုက်ဂါးက ဖက်တက်တာ ပေါ့။ လူစိမ်း သူစိမ်းထဲက မြင်မြင်ချင်း အခုလို ပြေးတက်တာ...ဒီမှာ ကိုရွှေကူး ကောလိပ်က လာလည်တဲ့ ခင်မာဝင်းသူငယ်ချင်း ဂျင်ဂျာလဲ့ဝင်းရယ်"

"ဟုတ်ပါဘူး၊ ဂျင်ဂျာဘီယာပါ"ဝင်ပြီး ထောက်လိုက်သူကား ဖအေ မအေနှင့်အတူ ဧည့်ခန်းထဲရောက်လာသော သီတာဖြစ်၏။ မတင်ဥက
mgyoe.com

mgyoe.com
တခစ်ခစ်ရယ်လိုက်ပြီး...

"အေးကွာ သီတာပြောသလို ဂျင်ဂျာဘီယာပဲ ထားပါတော့။ အဲ...အဲ သည်ကလေးမရယ်၊ ဘာမယ်လည်း မသိဘူး ကိုရွှေကူးရယ်၊ အဲဒီမယ်ဘွဲ့ ရတဲ့ စန်းစန်းဝေရယ်၊ ကြီးကြီးရယ် ပေါင်း ၃ ယောက်ရှိသေးတာကြီးကြီး ရဲ့"

အောင်မယ်မင်း၊ ဒီလိုကောလိပ်ကျောင်းသူရယ်၊ မယ်ဘွဲ့ရတဲ့ ဟာမရယ်၊ ငါရယ်ဆိုတော့ ငါ့ရုပ်အပုံကြီးတင်သေးတဲ့အနေနဲ့ သူများက အသိအမှတ်မပြုချင်နေပေ့စီ တိုက်ဂါးကတော့ ပြုနေပါပကောဟဲ့ဟု ဒေါ်သာလှ စဉ်းစားရသောအခါ အလိုလို သူ့ကို ခွေးက ပိုးရပန်းရပါမည် လား...ဟု စောစောကမကျေမချမ်းရှိသမျှ နေရောင်တောက်တော့ လွင့်စဉ် ပျောက်ကုန်သောနှင်းပေါက်တွေလို ပျောက်ပျက်ကုန်လေသတည်း။

မတင်ဥကလည်း သူ့ခွေးလိမ္မာပုံနှင့် ဒေါ်သာလှအရွယ်တင်ပုံကို စဉ်း စားဆင်ခြင်သေးဟန် တူ၏။

"ပြီးတော့ ဒီကောင်က သိပ်ပြီးအနံ့ခံကောင်းတာကြီးကြီးရဲ့၊ ကြီးကြီး သုံးတဲ့ရေမွှေးနံ့ဆိုရင် တိုက်ဂါးက သိပ်ကြိုက်တာကြီးကြီးရဲ့"

"အဟက်...ဟက်...ဟက်...ဟက်"

ဒေါ်သာလှ နှစ်ခြိုက်စွာရယ်လိုက်ပြီး တစ်စုံတစ်ရာပြန်ပြောမည်ကြံ ခါရှိသေး။ အလိုက်ကောင်းဆိုးမသိ၊ အိုလံပစ်သာကျင်းပလိုက်ရလျှင် ဗိုလ်စွဲ မည့် အမ်ကွန်းချိန်က ဝင်တဲ့ကာ...

"သီတာကတော့ အီးဗနင်းအင် ပဲရစ်(စ)မှ ကြိုက်တယ်ဗျ၊ ဟုတ်ဘူး လား သမီး"

အမ်ကွန်းချိန်အကျင့်မှာ ဤနည်းနှင်နှင်ပင်တည်း။ ဘယ်သူက ဘာ စကားပြောနေနေ၊ သူ့သမီးအကြောင်း ထည့်မပြောရလျှင် ထမင်းမျိုမကျ။

"ဟုတ်တယ်၊ သီတာကတော့ အီးဗနင်းအင်ပဲရစ်(စ)ပဲ ကြိုက်တယ်။ ဂိုယာရေမွှေးက အလကား ဖွတ်ကျားပဲ"

ဟဲ့...သမီး၊ ဒီလိုမပြောနဲ့လေ"

"ဟား...ဟား...ဟား...ဟား...ဝါး"

မခင်စုက အားတုံ့အားနာနှင့် ဝင်တားပါသေး၏။ သို့သော်
mgyoe.com

mgyoe.com
အမ်ကွန်းချိန်နှင့် ကိုမြင့်မောင်က သီတာပြောပုံ သဘောကျသွားကာ ကျယ်ကျယ်လောင်လောင် ဝင်၍ရယ်ကြသည်။ ဒေါ်သာလှက "အင်း...ဒါ ကလေးစကားလားဟင်...၊ ညည်းတို့ ဒီကလေး တော်တော်အလိုလိုက်နော်" ဟူသော သင်္ကေတအနက် အဓိပ္ပာယ်တွေ များစွာပါသော အကြည့်မျိုးနှင့် သူ့သမီးကို မကျေမချမ်း လှမ်းကြည့်၏။

ထို့နောက် သူ့အဘယ်ပုံ အဘယ်နည်း နုပျိုအောင် နေခဲ့ကြောင်း၊ ငယ်စဉ်ကပင် မှီအုံး(ဖင်ထိုင်) ဖထိုင်မပါက ဘယ်နေရာမှ ခပ်မာမာတွင် မထိုင်သောကြောင့် မှို့သွတ်ကတ္တီပါ ဖင်ထိုင်ကလေးအမြဲ ဆောင်ထားရ ကြောင်း၊ ထို့ကြောင့် သူ့အသားအရေတွေမှာ ရွှေလိုဝင်းပြီး အိနေကြောင်း၊ ရွရွကြွကြွနှင့် လှနေကြောင်း ပြောမည်ဟု ဒေါ်သာလှ စကားနိဒါန်းပျိုးကာ

"ဟဲဟဲ...ဟဲဟဲ ကြီးကြီးတို့ငယ်ငယ်ကဆိုရင် သိပ်နုနုနယ်နယ်နေခဲ့ ရတာကလားကွယ်"

"သီတာတို့တော့ မနုပေါင်။ သမီးကျွမ်းထိုးပြလိုက်စမ်း"

ဒေါ်သာလှမိနစ် ၂၀ လောက်ပြောရန် ပဏာမ ပျိုးလာသောစကား ကို လေးစက္ကန့်အတွင်း အမ်ကွန်းချိန်က ဝင်ဖြတ်လိုက်ပြီး သူ့သမီးသီတာကို ပွဲထုတ်ပြန်၏။ ဘုန်းကြီးရှူးနှင့်လေ့လူးတွေ့သလို သမီးကလည်း လူလယ် ကောင် လက်ထောက်ကျွမ်းထိုးပြလိုက်၏။

"ဟဲ...ဟဲ...ဟဲ...ဟဲ၊ ဒါမှငါ့သမီးကွ။ ကဲ...သမီး ကျောင်းနေမှ မေမေ ကြီးနဲ့မတွေ့ရသေးဘူး။ မေမေကြီးကို အင်္ဂလိပ်သီချင်း ဆိုပြလိုက်စမ်းပါဦး ကွာ။ ဘား...ဘား ဘလက်ရှိ(ပ)ဆိုတဲ့ သီချင်းလေ"

ဘား...ဘား..မကလို့ ဂါး...ဂါး ဖြစ်နေပါစေ။ ဒေါ်သာလှကတော့ နားမထောင်ချင်။ သူ့တို့ငယ်ငယ်တုန်းက သနပ်ခါးတုံးကို ဘယ်လိုရွေးပြီး ဘယ်ပုံသွေးလိမ်းခဲ့လို့ သူဒီလောက် နုပျိုရကြောင်းပြောချင်နေ၏။ သို့သော် ဖအေကခိုင်းသဖြင့် ပုစွန်ဆိတ်ကလေးလို ခုန်ဆွခုန်ဆွဖြစ်နေသောသမီးက ဘား...ဘား...လုပ်နေပြန်သဖြင့် စိတ်ညစ်ညစ်နှင့်ပင် အောင့်အည်းနား ထောင်နေရသည်။

မခင်စုက ဒီဖအေနှင့် ဒီသမီး ဒီကြားထဲရှိနေသမျှ ဘယ်သူမှ စကား ကောင်းကောင်း ပြောရတော့မည် မဟုတ်သည်ကို ရိပ်မိလာပြီး သမီးကို
mgyoe.com

mgyoe.com
ခွဲထုတ်ရန် ပြင်တော့သည်။

"ကဲ...သီတာ အိပ်ချင်ပြီ မဟုတ်လား...။ မျက်နှာသစ် သွားတိုက်ရအောင် သွားစို့လေ"

ဟင့်အင်း...သီတာ မတိုက်ချင်ဘူး။ မျက်နှာမသစ်ချင်ဘူး..."

"အလို...ညတိုင်း မျက်နှာသစ်နေကျဟာ ကနေ့မှ ညည်းက ဘာဖြစ်ရတာလဲလို့"

"ချမ်းတယ် မာမီ၊ မိုးတွေရွာနေတာ မာမီမတွေ့ဘူးလား"

ကနေ့ မိုးကလည်း တဖွဲဖွဲတစိမ့်စိမ့် လုပ်နေသဖြင့် ပို၍အေးနေသည်။

"လာပါသမီးရယ်...လိမ္မာသားနဲ့"

"ဟင့်အင်း...သီတာ မျက်နှာမသစ်ချင်ဘူး"

ဤတွင် ဒေါ်သာလှ သူ့အဘယ်မျှ သူ့ရွှေရုပ်သွင်ကို ဂရုစိုက်ကြောင်း ဖော်ပြရန်အတွက် ပေါ်လာပြီဟု ယူဆကာ ဝင်ပြော၏။

"မျက်နှာသစ်ကွယ် ကလေးရဲ့။ မေမေကြီးတို့ ဆိုရင်လေ တစ်နေ့ ၃ ခါ၊ ၃ ခါ မျက်နှာသစ်တယ်"

သီတာက ဒေါ်သာလှ၏မျက်နှာကို စေ့စေ့မော်ကြည့်၏။ နောက် သူ့လက်ချောင်းကလေးတွေကို ဒေါ်သာလှရှေ့ဖြန့်ပြလိုက်၏။

"မေမေကြီး၊ သီတာ့ လက်ချောင်းကလေးတွေကို ကြည့်စမ်း..."

"ဘာပြုလို့လဲ"

"စောစောက ထမင်းစားပြီး ရေအေးအေးနဲ့ စိမ်ဆေးထားလို့ ရှုံ့နေတယ်လေ"

"အေး...ဟုတ်သဟဲ့"

"မေမေကြီးလည်း တစ်နေ့တစ်နေ့ မျက်နှာ ၃ ခါစိမ်လို့ထင်ပါရဲ့။ မေမေကြီးမျက်နှာလည်း ရှုံ့တွနေတာပဲ"

"အဟတ်-ဟတ်-ဟတ်-ဟား..."

သမီးကပြော၏။ ဖအေက အားမနာပါးမနာ ရယ်၏။ ဒေါ်သာလှ ထခုန်တော့၏။

"ကြည့်စမ်း-ကြည့်စမ်း၊ မိခင်စု နင့်သမီးဟာ ကလေးတဲ့လား။
mgyoe.com

mgyoe.com
ဒါကလေးလားဟင်၊ ငါ့များ ရွှတ်တွကြီး ရှုံ့တွနေသတဲ့တော်။ ဒါကလေး တဲ့လားတော့"

မခင်စုက သမီး ပိဋကတ်အိုးကွဲအား ဆွဲလွဲခေါ်သွား၏။ ဒေါ်သာလှ က ဘယ်သူ့ကိုမျှ နှုတ်မဆက်တော့ဘဲ အိပ်ခန်းထဲဝင်သွား၏။ အမ်ကွန်း ချိန်နှင့်ကိုမြင့်မောင်တို့ လင်မယားသာ ပြုံးရယ်ကြရင်း ကျန်ရစ်ခဲ့သည်။

"ကဲ...တိုက်ဂါး၊ အန်ကယ်ကို နှုတ်ဆက်လိုက်လေ။ တို့လည်း ပြန်ရ အောင်"

တိုက်ဂါးက အမ်ကွန်းချိန်ဆီသွားကာ လက်တစ်ဖက်ပေး၏။ အမ် ကွန်းချိန်က အောက်အောက်ညှစ်ညှစ်နှင့်ပင် ခွေးနှင့်လက်ဆွဲနှုတ်ဆက်ရ သလို တိုက်ဂါးလက်ကို ပြန်ကိုင်၍ နှုတ်ဆက်လိုက်ရ၏။

နောက်တစ်နေ့ရောက်သော် ကျီးမနိုးခင် ၃ ဘီးကားကလေးတစ်စီး ခေါ်ပြီး ဒေါ်သာလှကြည့်မြင်တိုင်က သူ့ညီမ ဒေါ်သာမြတို့အိမ် ပြောင်း သွားလေသောဟူ၏။

× × ×

ထိုနေ့မှာ တနင်္ဂနွေနေ့ဖြစ်၏။ မိုးကလေးက တစိမ့်စိမ့်ရွာနေသော ကြောင့်လည်း အလုပ်အားနေသူများမှာ အပြင်အပသို့ မထွက်ဖြစ်ကြ။

ခင်မာဝင်းက သူ့အခန်းကလေးထဲတွင် ကုပ်ကာ ပျင်းပျင်းရှိသည် နှင့် ကဗျာရေးနေသည်။ ခင်မာဝင်းမှာ ကဗျာဝါသနာပါ၏။ တစ်ခါနှစ်ခါ လည်း မဂ္ဂဇင်းများတွင် သူ့ကဗျာပါဖူးသည်။ အမျိုးသမီးမဂ္ဂဇင်းတစ်ခုက သူ့ဓာတ်ပုံကို စာပေအနုပညာရှင်တစ်ယောက်အနေနှင့် ဖော်ပြခံရသောအခါ ခင်မာဝင်းမှာ ဆွေမျိုးထဲတွင် ဟော်လေးတကျိုး ဟိုလေးတကျော် ဖြစ်ခဲ့ရ ၏။

"ရွှေပဒ္ဒုန် မာန်ဟုန်ကပြင်းချိန်မို့
မေဖြစ်ပုံ ပြန်ဆုံလို့လင်းလိုက်ချင်ရဲ့
အို–ကွယ် ကံကုန်ခြင်းက မြန်လှတာ..."

"ဟင်...ကံကုန်တယ်ဆိုတော့ မကောင်းသေးဘူး။ အနိစ္စ သဘောနဲ့ ကိစ္စချောတာကိုမှ ကံကုန်တယ်ဆိုကြ မဟုတ်လား။ ဒီကာရန် မနိပ်သေးပါ ဘူးကွာ"ခင်မာဝင်းက သူ့ကိုယ်သူ ပြောပြီး ကာရန်အသစ်ရှာကြည့်ပြန်၏။
mgyoe.com

အဲ...အဲ...

"အမွှန်မင်းရယ်က ငြိုးရက်တယ်"ဆိုရင် ကောင်းမလားမသိဘူး။ နေဦး–နေဦး။ အမွှန်မင်းငြိုးတာထက်–

"ဉာဏ်ကုန်တဲ့အခင်းနဲ့ တိုးခဲ့ပြီလို့ ချီလိုက်ရ ကောင်းမလားပဲ"

"အမလေး...ဆန်ကုန်ရင် ဆင်းပေါ့ရှင်၊ ခက်ခက်ခဲခဲလိုက်လို့ ကိုရွှေကူးရ"

ခင်မာဝင်း ကာရန်ရှာနေခိုက် ဝင်နှောက်လိုက်သံကတော့ မတင်ဥ အသံဖြစ်၏။ သူ့ယောက်ျားက ဘာပြောသည်မသိ။ မတင်ဥကတော့ ခပ်ကျယ်ကျယ်ပင် စဟောက်လိုက်သဖြင့် ခင်မာဝင်း၏ အာရုံမှာ ရေးလက်စကဗျာကနေပြီး ညှော်ခန်းဆီသို့ မျောက်ခုန်ခုန်ကာ ရောက်သွားလေ၏။

"ဟင်း...ဟုတ်တယ်လေ။ ကျုပ်တိုက်ဂါးကို ရှင်မသဒ္ဓါဘူးပေါ့လေ ဟုတ်လား။ ဆန်ကုန်တယ်လေ့ ဘာလေ့နဲ့။ ဆန်ကုန်ရင် ရှင်ဆင်း။ ကျုပ်တိုက်ဂါးတော့ ဘယ်တော့မှ မခွဲဘူးမှတ်ပါ"

"မဟုတ်ပါဘူးကွာ၊ မင်းမှာပြောလိုက်ရင် အဲသလိုချည့်ပဲ။မင်းတိုက်ဂါးကို ငါကြည်ဖြူပါတယ်၊ မြတ်နိုးပါတယ်၊ သဒ္ဓါပါတယ်၊ ချစ်ခင်ပါတယ်၊ စုံမက်ပါတယ်"

"အောင်းမယ်လေး–လင်မယားတွေ၊ ခုမှ ချစ်နာလန်ထနေကြပြန်ထင်တယ်"

နောက် ဝင်နှောက်လိုက်သူကား အမ်ကွန်းချိန်ဖြစ်၏။

"အယ်...ဘယ်က ဟုတ်ရမှာလဲဗျ"

ကိုမြင့်မောင်က ခပ်ရှက်ရှက်နှင့် အထိတ်တလန့် ဆိုမြည်ရှာ၏။

"ဘာလုပ်မဟုတ်ရမှာလဲ။ ခင်ဗျားက လက်ဆုပ်လက်ကိုင်မိနေတာတောင် ခွေးချီးသီး လုပ်ချင်သေးလို့လား။ ခင်ဗျားပါးစပ်ကပဲ တကယ်ဇာတ်လိုက်မင်းသားကြီး နှစ်ပါးသွားနေတာကျနေတာပဲ။ သဒ္ဓါကပါတယ်၊ မြတ်နိုးပါတယ်၊ ချစ်ခင်ပါတယ်၊ စုံမက်ပါတယ်နဲ့ ပြောနေတာ ကျုပ်အကြားလိုက်သားပဲ။ ဘာငြင်းချင်သေးလို့လဲ"

"ဟာ...အဲသဟာ မတင်ဥကို ပြောတာမဟုတ်ဘူးဗျ"

"အဟုတ်ဟုတ်–ဟား၊ မတင်ဥကို စုံမက်တာ မြတ်နိုးတာမဟုတ်ရင်

mgyoe.com

mgyoe.com


ဘယ်သူ့ကိုလဲဗျ ကိုမြင့်မောင်ရ"

"တိုက်ဂါးကိုပြောတာ"

"ကြဲကြီးစည်ရာဗျာ"

အမ်ကွန်းချိန်ပင် ထိတ်လန့်အံ့ဩသွားတော့၏။

"အင်း...ခင်ဗျားတော့ မိုးကြိုးပစ်ချလိမ့်မယ်။ ခွေးကိုတောင် ခုလို ကလီကမာစိတ်တွေနဲ့ ချစ်နေရင်တော့"

"ဟဲဟဲ...ဟဲဟဲ ဒီလို ကိုကွန်းချိန်ရေ့၊ ကျွန်မက မိုးကလေးအေးတဲ့ ရာသီမို့ တိုက်ဂါးဖို့ သက္ကလတ်ဝတ်လုံကလေး ချုပ်ပေးဖို့ သူနဲ့တိုင်ပင် တယ်။ အဲဒီတော့ တိုက်ဂါးကို ဒီလောက်အရေးပေး သံယောဇဉ်မကြီးပါနဲ့ တဲ့၊ ဆန်ကုန်ရင် သွားမှာပါတဲ့လေ သူက"

"ဟ ငါပြောတာလည်း မင်းလိပ်ပတ်လည်အောင် နားမထောင်ဘဲနဲ့ ကွာ။ ဆန်ဆုံစားတွေ ကံကုန်ရင် သွားကြမှာပါလို့ ပြောတာပါကွ"

"သိနိုင်ဘူးတော်ရေ့။ တိုက်ဂါးအတွက် ဆန်ကုန်တယ်၊ ကျွန်မကို သွားလို့နှင်တာလားလို့ ရှင့်ကိုပြန်နှင်ချရတာ"

"အေးလေ၊ ဒါတော့ သီတာပြောသလိုပေါ့"

အိမ်ရှေ့ခန်းကတော့ သူတို့စိတ်ကူးနှင့်သူတို့ ပွက်လောညံကာ စကားလက်ဆုံကျနေကြ၏။ ခင်မာဝင်းမှာသာ တစ်နေ့လာလည်းတိုက်ဂါး၊ နှစ်နေ့လာလည်းသီတာနှင့်၊ ဒီ တိုက်ဂါးသီတာ သံသရာ ဝဲဂယက်ကြီး ထဲက ဘယ်တော့လွတ်ရပါ့မလဲဟု တွေးမိတိုင်း စိတ်ညစ် ရတော့သည်။ ယခု လည်း ကြည့်ပါဦးတော့။ တစ်စုံတွဲက ခွေးအကြောင်း စကားစသတ်မည် ကြံခါရှိသေး။ တစ်ယောက်က သီတာအကြောင်း စလာပြန်သည်။

အမ်ကွန်းချိန် သီတာအကြောင်းပြောလျှင် မဆုံးနိုင်မှန်းသိသော ကြောင့် "ဟုတ်ကဲ့...သီတာက ဘယ်လို ပြောသလဲ"ဟု ကိုမြင့်မောင်တို့ လင်မယားနှစ်ယောက်အနက် တစ်ယောက်ကမှ ထောက်မမေးဘဲ ငုံ့စုံ့ပစ် ကြီးတွေ ပေခံနေကြသည်။ သို့သော် အမ်ကွန်းချိန်ကား သူစကားပြောချင် လာလျှင် အဘယ်သူအဘိယာကစပြုတာကိုမျှ စောင့်နေတတ်သူ မဟုတ် ပေ။

"ဟဲဟဲ...ဟဲဟဲ...သီတာပြောတယ်။ ဘယ့်ကလောက် နပ်တယ်ဆို

mgyoe.com

mg

တာ မပြောပါနဲ့တော့ဗျာ။ ကလေးထဲမှာတော့ စံပဲဗျ။ မနေ့က သူ့အမေက သူ့ကို ထမင်းကျွေးရင်း သမီးလေးရယ်၊ သားငါးဈေးကကြီးတယ်ကွယ်၊ ဟင်းတွေ သိပ်မစားနဲ့နော်လို့ ပြောတော့ သီတာက ဘာပြန်ပြောတယ် မှတ်သလဲ"

သီတာ ဘာပြန်ပြောသည်ကို တစ်ယောက်မျှ စိတ်ဝင်စားပုံမပေါ်။ နှစ်ယောက်စလုံး ငြိမ်နေကြသည်။

"အဟတ်...ဟတ်...ဟတ်...ဟား...ထင်သားပဲ၊ ခင်ဗျားတို့နှစ်ယောက်စလုံး သီတာလောက်မှ ချက်ချက်ချာချာ ရှိမှာမဟုတ်ဘူးဆိုတာ"

အလိုလေးလေး၊ နှိုင်းမှနှိုင်းရက်လေဗျာလို့သာ ကိုမြင့်မောင် စိတ်ထဲက ရေရွတ်ရတော့သည်။ အမ်ကွန်းချိန်ကား ဒီလိုပင် သူ့အကြောင်း မသိရလျှင် ရိုက်ပေါက်ပင်တည်း။

"ဟင်...ဈေးကြီးရင် ဘဲကလေးတွေ ကြက်ကလေးတွေ အိမ်မှာ မွေးထားပါလားတဲ့ခင်ဗျာ၊ ဟားဟားဟား...ဟား...ဟား..."

"ဟားဟား...ဟားဟား"

အမ်ကွန်းချိန်က သူ့သမီးသူ သဘောကျပြီး ရယ်၏။ ကိုမြင့်မောင်ကတော့ သူတို့လင်မယား တိုက်ဂါးနှင့်ပတ်သက်ပြီး စကားပြောလွဲကြသည်ကို ခင်ဗျားတို့မလည်း သီတာပြောသလို ကျနေပြီဟု စကားပလ္လင်ခံကာဝင်ပြောလာသော အမ်ကွန်းချိန် ပြောသည့် သီတာအကြောင်းက သူတို့ဖြစ်နေပုံ ဘယ်လိုမှ မအပ်စပ်၊ ဘာကမျှမဆိုင်သောကြောင့် အောက်ကလိအာသံနှင့် ရယ်ချလိုက်ခြင်း ဖြစ်၏။

အပြင်ဘက်က တဝါးဝါးနှင့် ပွဲကျနေကြသော်လည်း အခန်းထဲမှ ခင်မာဝင်းကမူကား နှုတ်ခမ်းပွစိပွစိနှင့် ဖြစ်နေသည်။ ဤအိမ်နှစ်ခန်းတွဲလောကတွင် သီတာနှင့်တိုက်ဂါး ဗဟုသုတမှ လွဲ၍ သူ့ဘာမျှမရ။ တစ်ခါတစ်ခါ အိပ်မက်ထဲတောင် သီတာတို့ တိုက်ဂါးတို့ကို ယောင်ယမ်းမက်မိနေသေးသည်။ အိပ်မက်ထဲမှာပင်မကောင်း။ သီတာက သူ့နားနားကပ်ပြီး စက္ကူဟွန်းကတော့ကြီးနှင့် ဘားဘား ဘလက်ရှိ(ပ)လို အင်္ဂလိပ်ကလေးကဗျာကလေးတွေ အော်အော်ဆိုနေသည်ဟုမက်ပြီး တိုက်ဂါးက သူ့ပခုံးပေါ် လက်ကြီးနှစ်ဖက်နှင့်ထောက်ကာ တလျှားလျှား ထွက်နေသော လျှာ

mgyoe.com

mgyoe.com

ကြီး စိုစိစိဖြင့် သူ့မျက်နှာကို လျက်လျက်နေသည်ဟု မက်သောကြောင့် အိပ်ရာ မှ လန့်နိုးခဲ့ပေါင်းလည်း များလှလေပြီ။

"ဟာ...သခင်ဘိုနီပါကလား...လာလာ"

သခင်ဘိုနီတစ်ယောက် တိုးလာပြန်၏။ သခင်ဘိုနီမှာ ဤလမ်းထဲက နိုင်ငံရေးသမားဖြစ်သည်။ အိမ်တကာ့အိမ်တက်ပြီး သူပြောလိုသမျှ နိုင်ငံရေးသဘောတရားတွေ၊ ဗဟုသုတတွေကို ရပ်ကွက်လူထုနားထဲ သံမှိုစွဲအောင် ရိုက်သွင်းနေသူဖြစ်၏။ တော်ရုံတန်ရုံ လူများမှုကား သခင်ဘိုနီ အပြောကောင်းသည်နှင့် မူလက ဘာအယူပဲယူယူ နောက်ဆုံး သခင်ဘိုနီ လူသာဖြစ်ရတော့သည်။

"ကမ္ဘာကြီးက မအေးဘူးဗျ။ ကွန်ဂိုကိစ္စ၊ ကျူးဘားကိစ္စကို ခင်ဗျားတို့ လွယ်မယ်ထင်နေသလား"

သခင်ဘိုနီက ယင်းသို့နှင့်နှင့် ဖတ်စစ်ကလပ် ကမ္ဘာ့ထိပ်တန်းနိုင်ငံရေးတွေကစပြီး သူလိုရာမြှောက်ကာခြောက်ကာနှင့်ဆွဲတတ်သူ ဖြစ်၏။

"မလွယ်ပါဘူးရှင်...မလွယ်ပါဘူး။ မလွယ်လို့ဘဲ တိုက်ဂါးကို အိမ်ထဲက ဘယ်မှ မလွှတ်ရဲဘူးရှင့်။ လောကကြီးက ဘာမှ မလွယ်ဘူး။ လူမပြောနဲ့ ခွေးဖြစ်ရတာတောင် မလွယ်ဘူး။ မမြင်ဘူးလား။ မန္တလေးမှာ အလုမွေးထားတဲ့ ခွေးနှစ်ကောင် အဆိပ်တုံးပစ်လို့ နှစ်ထောင်ဖိုးလောက် စင်းစင်း သေပါလေရောရှင်။ အဲဒီတော့ တိုက်ဂါးကိုလည်း မျက်စိအောက်က အပျောက်မခံနိုင်ဘူးရှင့်။ မလွယ်လိုက်သမှ သခင်ဘိုနီရယ် မပြောပါနဲ့တော့"

နိုင်ငံရေးသမား လက်ဟောင်းကြီး သခင်ဘိုနီပင် ဘယ်စကားပြန်ဆက်ရမည် မသိတော့သည့်တိုင် အူကြောင်ကြောင် ဖြစ်သွားတော့၏။ မတင်ဥက အဲသလိုစွမ်းရည်သတ္တိတွေရှိသည်။ လာခဲ့လေ...ဘယ်သူက ဘာစကားနှင့်စလာလာ သူ့တိုက်ဂါးအကြောင်းမှ မပါလိုက်ရလျှင် ဒီစကား မဆုံး။

"ခင်ဗျားခွေး အမဲတုံးပစ်တာ ထားစမ်းပါဦးဗျာ၊ ကွန်ဂိုကနေပြီး ကတန်ဂါပြည်နယ်က ခွဲထွက်သလို မာလီပြည်ထောင်စုထဲကနေပြီး ဆီနီဂေါနယ်က ခွဲထွက်ပြန်ပြီဗျ။ ဒါတွေဟာ တစ်ယောက်ယောက် ခြေရှုပ်နေ
mgyoe.com

mgyoe.com


တာ ဖြစ်ရမယ်"

"မှန်တယ်"

အမ်ကွန်းချိန်က လေးလေးနက်နက် ဟက်ဟက်ပက်ပက်ကြီး ထောက်ခံလိုက်သဖြင့် သခင်ဘိုနီ တအားတက်လာကာ မျှော်လင့်ချက်ကြီးစွာဖြင့် အမ်ကွန်းချိန်အား ကြည့်နေဘိ၏။

"မှန်တယ်၊ တစ်စုံတစ်ယောက် ခြေမရှုပ်ဘဲနဲ့ ဘယ်တော့မှ ဒီလို မဖြစ်နိုင်ဘူး။ ဒိပြင်ဟာမကြည့်နဲ့ သီတာတို့ကျောင်းထားရတာပဲကြည့်ဦး သခင်ဘိုနီ။ ထားရတော့ ခုမှ ကေဂျီရှိသေးဗျာ၊ ဆရာမတွေက ကျူရှင်ယူရ မလိုလို လုပ်တယ်ခင်ဗျ။ ကဲ...အရပ်ရပ် နေပြည်တော် ကြားလို့မှ လျော်ရဲ့ လားမင်းကြီးများဆိုသလို ဖြစ်နေပြီ။ ကျုပ်သမီးသီတာက သိပ်ပါးရေနပ် ရေရှိတဲ့ကလေးမို့လို့ပေါ့ဗျာ"

သခင်ဘိုနီ မှန်းချက်နှင့် နှမ်းထွက်မကိုက်သဖြင့် ဟိုက်ခနဲလှန်ကာ မျက်ဖြူဆိုက်မတတ် ဖြစ်နေတော့သည်။

"ဒိပြင်ကလေးသာဆိုရင် ကလေးက မိဘပူဆာ၊ မိဘကသားသမီး ငြိုငြင်တာ မကြည့်ချင်တာနဲ့ ကျူရှင်ပို့ရမှာ မုချဗျ။ သီတာတို့ကတော့ ဒီလိုမဟုတ်ပေါင်။ အဲလေ...မတင်ဥသိသားပဲ"

"ကျွန်မသိတာ ပြောရမလား"

မတင်ဥသိတာ ပြောရရင် သူ့ခွေးတိုက်ဂါးအကြောင်းမပါဘဲပြီးမည် မဟုတ်သည်ကို သိသောကြောင့် သခင်ဘိုနီက ကပျာကယာ တားယူရ၏။

"နေပါဦး နေပါဦး၊ ကျွန်တော် ပြောပါရစေဦးခင်ဗျ။ ကျွန်တော်ပြောမှာတွေဟာ ဗမာ့နိုင်ငံရေးနဲ့ ကွင်းဆင်းလာမယ့် ကမ္ဘာ့နိုင်ငံရေးတွေခင်ဗျ၊ တစ်ဆိတ်ကလေး ကျေးဇူးပြုပြီး နားမထောင်နိုင်ကြဘူးလား"

"အလို...အခုလည်း သခင်ဘိုနီပြောတာ နားထောင်နေကြသားပဲ။ ကျွန်မတို့အင်မတန် စိတ်ပါလက်ပါ နားထောင်နေကြတာ။ အဲ...အဲ... အဝင်းရေ၊ တူမရေ...တိုက်ဂါးရေချိုးချိန်ကျပြီကွယ်၊ တစ်ဆိတ် ချိုးပေးလိုက် စမ်းပါ။ ဟောဒီမှာ အန်တီ သခင်ဘိုနီစကား နားထောင်နေရလို့ဟေ့"

ခပ်ကျယ်ကျယ် ခင်မာဝင်းဆီသို့ လှမ်းအော်ပြောလိုက်ပြီး သခင်ဘိုနီ ဘက်သို့လှည့်အလာ သခင်ဘိုနီက ဩော်...မတင်ဥ ကိစ္စတော့ပြီးမှကိုးဟု

mgyoe.com

mgyoe.com

သူ့စကားကိုဆက်ရန် ပါးစပ်ပြင်ရုံရှိသေး မတင်ဥက ကပျာကယာဦးနှင့် အောင်...

"အဟက်...ဟက်...ဟက်...တိုက်ဂါးအကြောင်း သခင်ဘိုနီသိရရင် တော့ သိပ်အံ့သြသွားမှာပဲ"

"အင်း...ခင်ဗျားတို့ တိုက်ဂါးအကြောင်းကို အလံနီစိုးကြီးလက်နက် ချတော့မယ်ဆိုတဲ့ သတင်းထက်ပဲ အံ့သြရဦးမှာလား"

သခင်ဘိုနီက အမြင်ကတ်ကတ်နှင့် အငေါ်တူး၏။

"ဟာ...သခင်စိုးကြီးက သူ့ဟာသူ ချတာမချတာ ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲဗျာ။ ကျုပ်တို့လည်း သူ့ကို အစိုးရတာမှမဟုတ်ဘဲ၊ ခု တိုက်ဂါးကမှ တကယ့်အံ့သြဖို့ ကောင်းတာခင်ဗျ"

လင်မယား ၂ ယောက်ကား အတိုင်အဖောက်ညီလှ၏။ ကိုမြင့်မောင် က သူ့မယားကို ပစ်ခတ်ထောက်ခံနေသည်။

"နေစမ်းပါဦး။ ခု...ဒီမှာ ဝိုင်းထိုင်နေကြတာ ကျွန်တော်ပြောတဲ့ စကားကို ခင်ဗျားတို့ နားထောင်မလို့လား၊ သို့မဟုတ် ခင်ဗျားတို့ပြောတာ ကျွန်တော်နားထောင်ပြီး ပြန်ရမှာလား"

သခင်ဘိုနီကတော့ နိုင်ငံရေးသမားပီပီ ဘုကျကျပင် မေးလိုက်၏။ သူနှင့်ဝိုင်းထိုင်နေသူ ၃ ယောက်ကတော့ မရယ်မပြုံးကြ။ သခင်ဘိုနီကို တော်တော် ဒေါသကြီးတဲ့လူပဲဟု ကိုယ့်စိတ်ထဲကကိုယ် မှတ်ချက်ချနေကြ သည်။ သခင်ဘိုနီ ရှူးရှူးရှားရှားဖြစ်နေပုံမှာ မတင်ဥနှင့်အမ်ကွန်းချိန်တို့ ၂ ယောက် သူတို့ခွေးနှင့်ကလေးမှလွဲ၍ ဘာမျှ စိတ်မဝင်စားပုံတို့ကို တစ်ဖက်ခန်းမှ အတိုင်းသား ကြားနေရသော လှဖေသာ တခွီးခွီးနှင့် အူနှိပ် နေရသည်။

သခင်ဘိုနီမှာ အပွဲပွဲနွှဲခဲ့သမျှ ဒီတစ်ပွဲကျမှ နှပ်ပစ်ခံရတယ်ဆိုသလို အိမ်တကာ့အိမ် ခေါင်းရင်းခန်းတက်ထိုင်ပြီး အာပေါင်အာရင်းသန်သန်နှင့် လေကန်ခဲ့သမျှ ဒီအိမ်ကျမှ လက်မြှောက်ရမလို ဖြစ်နေသောကြောင့် မချင့် မရဲ ဖြစ်နေသည်။

"ကဲ...ပြောဗျာ၊ ခင်ဗျား ပြောချင်တာက ဘာလဲ..."

အမ်ကွန်းချိန်က ဝင်ထောက်ပေး၏။

mgyoe.com

"ခင်ဗျားတို့ ဝင်ဝင်ဖောက်တာနဲ့ စကားစတောင် ဘယ်ရောက်သွား မှန်းမသိတော့ဘူး"

"ဟာ...ကျွန်တော် မှတ်မိပါတယ်။ ဘာတဲ့ မာလီကုလားဆီက ဆီနီဂေါ်ရီဆိုတဲ့ ကုလားမကလေး ထွက်ပြေးလို့ဆိုလား"

အမ်ကွန်းချိန်က အဲသလောက် ကမ္ဘာ့နိုင်ငံရေးစိတ်ဝင်စားတဲ့လူ ခင်ဗျ။ သူ့စကား ကြားသော် ငါကဲ့သို့သော နိုင်ငံရေးသမားကြီးအား ဒီလိုသမ္ဗပ္ပလာပဝါစာတွေ ပြောရမည်လားဟု သခင်ဘိုနီ မျက်နှာရှုံ့မဲ့သွား သည်။

"ကြံကြံဖန်ဖန်ဗျာ၊ မာလီပြည်ထောင်စုထဲက ဆီနီဂေါ်နယ် ခွဲထွက် တာကို ပြောတာဗျ"

"ကဲ...ထားပါတော့လေ"

"အင်း...ကျုပ်က လူထုကြီးတစ်ရပ်လုံး ရှေ့လျှောက်အေးချမ်းတော့ မှာကို ပြောမလို့ ခင်ဗျ..."

သခင်ဘိုနီက လူတိုင်းစိတ်ဝင်စားမည့် ပြဿနာကို တင်လာပြန်၏။ သို့သော် မတင်ဥက...

"အေးချမ်းဆိုမှ သတိရလာလိုက်တာရှင်၊ တိုက်ဂါးကလေး ခုလောက်ကြာကြာ ရေချိုးနေရ ချမ်းရှာနေမလားမသိဘူး။ ဟဲ့...အဝင်းရေ၊ အေ...အဝင်း..."

"ရှင်..."

ခင်မာဝင်းက ရေချိုးခန်းဆီမှ ပြန်ထူး၏။

"တိုက်ဂါးကို စင်အောင်ရေချိုးပြီး တော်တော့ကွယ်၊ ပေါင်ဒါတွေ ဘာတွေ ဂရုစိုက်ပြီးဆပ်ပြာကျကျနန ပွတ်သပ်ပေးပါကွယ်။ ပြီးတော့... သခင်ဘိုနီဖို့ တစ်လက်စတည်း ကော်ဖီကလေးတစ်ခွက်လောက် လုပ်ပေး ပါဦး"

"ဖွိုး..."

သခင်ဘိုနီက မဲ့ရွဲ့ပြီး တံတွေးထွေးလိုက်၏။ ခွေးပေါင်ဒါကို အကျ အနပွတ်သပ်ပေးပြီးသော လက်နှင့်ဖျော်ယူလာသောကော်ဖီကို အဘယ်သူ သောက်ချင်ပါတော့မည်နည်း ငါ့ရှင်။

mgyoe.com

mgyoe.com

ထို့နောက် စိတ်ပျက်လက်ပျက်နှင့်နေရာမှထကာ...

"ဒီမှာ မတင်ဥ"

"ရှင်..."

"နောက်တစ်ခါ ခင်ဗျားတို့အိမ် ကျုပ်လာပြီး စကားစမြည်ပြောမိရင်ဗျာ၊ ပါးကိုချည့်ဆီးချစမ်း။ ချသာချ၊ ရှစ်စိတ်ကွဲအောင်ချ။ ဘာမှအားမနာနဲ့ ကြားလား"

တစ်ဖက်ခန်းမှ လှဖေနှင့်ရေချိုးခန်းမှ ခင်မာဝင်းကတော့ အူနှိပ်နေရ၏။ သို့သော် သခင်ဘိုနီ၏ ပရိသတ် ၃ ဦးကတော့ အယ်...ဘာဖြစ်ပါလိမ့်ဟူသော သဘောနှင့် ပြူးကြောင်ကြောင် ကြည့်နေကြသည်။

"တကတည်းဗျာ။ ဧည့်သည်ရယ်လို့ ၂ မိနစ်ပြည့်အောင် စကားပြောခွင့်မရဘူး၊ ခင်ဗျားတို့ချည်း ပြောနေတာပဲ။ ဒါမျိုးကြုံဖူးပေါင်ဗျာ၊ စံမှတကယ်စံပဲ"

နောက်တော့ သခင်ဘိုနီ ဆောင့်ဆောင့်နှင့် ခွာသံပြင်းပြင်းနင်းပြီး ဆင်းသွားတော့သည်။ ကျန်လူများကား သူ ဘယ်လိုဆင်းဆင်း။ ကင်းမြီးကောက်ထောင်ပြီးဆင်းဆင်း၊ တံစက်လက်ပြန် ရေလောင်းသလို နောက်ပြန်ကြီးပဲဆင်းဆင်း၊ ဂရုမစိုက်နိုင်။ တစ်ယောက်က သူ့ခွေးအကြောင်းပြောသည်ကို တစ်ယောက်က သူ့သမီးအကြောင်း ပြန်ပြောရင်း ပြန်ထေရန်တာစူကျန်ရစ်ခဲ့ကြလေ၏။

× × ×

"အန်ကယ်..."

"ဗျား..."

"အန်ကယ်...အိမ်ထောင်ရက်သားများ မပြုချင်ဘူးလား"

တစ်နေ့ လှဖေတစ်ယောက်တည်း ထိုင်နေဆဲ သီတာက လာပြီး စကားစမြည် စပြောခြင်းဖြစ်၏။

"ဦးလေး မပြုချင်ပါဘူးကွာ၊ အလိုလိုမှ ဦးလေး အလုပ်မရသေးတဲ့အထဲ"

"ဟာ...ဦးလေးဟာ အိမ်ထောင်ရက်သားများ ပြုဖို့ ကောင်းပြီတဲ့..."

"ဟေ"

mgyoe.com

mgyoe.com

လှဖေ အံ့သြသွား၏။ ကြံကြီးစည်ရာ ဒီကလေးကိုမှ သူ့အိမ်ထောင်ရေးကိစ္စ ဘယ်သူများ သွားတိုင်ပင်ပါလိမ့်ဟု စဉ်းစားမရဖြစ်နေသည်။

"ဟုတ်တယ်...ဦးလေးရ၊ ဦးလေးဟာ အိမ်ထောင်ရက်သားများ ပြုဖို့ကောင်းပြီ။ ဒီအရွယ်ကျမှ အမြီးမပေါက်ရင် ဘာမျောက်လဲလို့ မေးစရာဖြစ်နေပြီလို့ ပြောတယ်"

"ဟေ့...ဒီလိုတောင် ပြောသလား"

"အံမာ ဒို့ထက်တောင် ပြောသေးတယ်"

"ဒါ...ဘယ်သူက ပြောတာလဲ"

"ဟိုဘက်ခန်းက မမဝင်းက"

လှဖေက သီတာကို တယ်ပြီးမသင်္ကာချင်တော့။ ဒီလို ကြီးကြီးကျယ်ကျယ် စကားတွေကို သီတာ အလိုလိုတတ်လာမည်တော့မဟုတ်။ တစ်စုံတစ်ယောက်က အကျအန သင်ပေးလိုက်တာဖြစ်ရမည်။ သို့သော် ဒီတစ်စုံတစ်ယောက်က သီတာပြောသလို ခင်မာဝင်းဟုတ်မှ ဟုတ်ပါ့မလားဟု သူ သံသယရှိနေသည်။ ခင်မာဝင်းမှာ မိန်းကလေးပီသလှသည်။ ဟိုလိုဒီလို ပြောလိုက်ဟု ယောကျ်ားပျိုတစ်ယောက်ကို စရန် ကလေးအောင်သွယ်လုပ်ခိုင်းမည့်ရုပ်မျိုးမဟုတ်။

"ဟုတ်ရဲ့လား သီတာရယ်။ နင့်တော့ ငါ...ခပ်ကြောက်ကြောက်ပဲ"

မကြောက်လို့လည်းမဖြစ်။ တစ်ခါက သူ့အမေ မခင်စုက မတင်ဥနှင့် ထုံးစံအတိုင်း အတင်းအဖျင်းတွေ ပြောကြရာက ကာမဂုဏ်ဆိုတာ တယ်ဆိုးတာပဲဟူသော စကားတစ်လုံးပါသွား၏။ ထိုအခိုက်အနီးတွင် အသင့်ရှိနေသော သီတာက ကာမဂုဏ်၏အဓိပ္ပာယ် မေး၏။

"အမယ်လေးဟယ် ဒီကလေးကလည်း ရှုပ်လိုက်တာ မှတ်ထား။ ကာမဂုဏ်ဆိုတာ အကျီလဲတာကို ခေါ်တယ်သိလား..."ဟု မတင်ဥက ရောက်တတ်ရာရာဖြေလိုက်ပြီး အမျိုးသမီးနှစ်ယောက်သား ရယ်ကြရ၏။ တစ်နေ့ညနေခင်း လှဖေမြို့ထဲမှ ပြန်လာသည်။ သီတာကို အကျအန ပြင်ဆင်ပြီး မြို့ထဲထွက်မည့် စတိုင်နှင့် ဧည့်ခန်းထဲ တွေ့ရ၏။ အစ်မနှင့်ရွှေယောက်ဖတော့ မတွေ့ရ။ တစ်အိမ်လုံးကလည်း တိတ်ဆိတ်နေသည်။

"ဟဲ့...သီတာ မမတို့ကော"

mgyoe.com

mgyoe.com

"ရှိပါတယ်ဦးလေး ရှိပါတယ်။ ဒက်ဒီနဲ့မာမီရယ်လေ အခန်းထဲမှာ ကာမဂုဏ်လုပ်နေကြတယ်"

"ဟယ်...နင့်အမေကလိန်းတဲ့မုပဲ"

လှဖေ နောက်ကျွမ်းထိုးချသလို ဘယ်လိုကဘယ်လို မြေကြီးပေါ် ရောက်မှန်းမသိတော့ဘဲ တစ်ချိုးတည်း လစ်ရတော့၏။ ဦးလေးနှင့်တူမ အချီအချပြောသံကို အခန်းထဲမှ ရုပ်ရှင်သွားရန် အဝတ်အစားလဲနေရင်း ကြားလိုက်ရသော အမ်ကွန်းချိန်တို့လင်မယားမှာတခစ်ခစ်နှင့် ရယ်မောကြ ရင်းနောက်မှ လှဖေအား မနည်းကြီး ရှင်းယူရသည်။ ဒါကြောင့်ပင် လှဖေက သီတာအား ခပ်ကြောက်ကြောက် ဖြစ်နေခြင်းဖြစ်၏။

"အဟုတ်ပါ ဦးလေးရာ၊ မယုံရင် အန်တီဥကိုမေးကြည့်"

"အဟတ်...ဟတ်...ဟား၊ ပေါ်ပဟော့ ပေါ်ပဟော့၊ ဒီစကားဟာ သီတာ ကို အန်တီဥက သင်ပေးတာ မဟုတ်လား"

သီတာက ပြုံးနေ၏။

"ပြီးတော့ ခင်မာဝင်းက ပြောသလိုလိုနဲ့ ပြောခိုင်းတယ်ပေါ့လေ။ ဖြစ်မှဖြစ်ရလေကွာ၊ ဟဲဟဲ...ဟဲဟဲ"

လှဖေက မတင်ဥ တူသားမက်ဖမ်းကွက်ဆင်ပုံကို တွေးမိတိုင်း ရယ်ချင်နေသည်။

× × ×

"ရော့ ဒီမှာ မင့်တူမလုပ်ပုံ ကြည့်စမ်းပါဦး"

မုန်တိုင်းဆင်လာသော ကိုမြင့်မောင်က ဆယ်ပြားတန်ဂျာနယ် စာစောင်ကို ရှီးခနဲပစ်ပေးရင်းက ပြောလိုက်သည်။

"ကျုပ်တူမက ရှင့် ဘာလုပ်လို့လဲ"

"ငါလည်းမသိဘူး။ ရုံးကစာတင်သိမိတ်ဆွေတွေက ဖတ်ပြီး ဟားမှပဲ ငါ့မှာ သောက်ရှက်ကွဲရတော့တယ်"

"ဘာများ ဒီလောက် ဒေါသကြီးလာရတာလဲ ကိုမြင့်မောင်ရယ်..."

"ဘာဒေါသကြီးရမှာလဲကွ၊ ကဗျာ ကဗျာ"

"ဘာကဗျာလဲ"

"မင်းတူမရေးတဲ့ကဗျာခင်ဗျ၊ မင့်တူမရေးတာ။ ဒီကဗျာကို ဟိုဘက်

mgyoe.com

mgyoe.com

ခန်းက အမ်ကွန်းချိန်တို့လည်း တွေ့မှာပဲ။ ဘယ့်ကလောက် အားနာဖို့ ကောင်းသလဲကွာ"

"အို…သူ့ဟာသူ ဝါသနာပါလို့ ကဗျာရေးတာ ရှင်တို့က ဘာမခံနိုင်စရာရှိသလဲ"

"ဖတ်ကြည့်ပါဦးခင်ဗျ။ သူ့ဟာသူရေးတာက ကိစ္စမရှိပါဘူး။ မင့်ရော ငါရော၊ အမ်ကွန်းချိန်တို့ လင်မယားရော၊ သီတာရော၊ တိုက်ဂါးရော အကုန်ကျုံး ဆော်လဘန်တေထားတယ်ခင်ဗျ"

ဒို့ပြင်လူထက် တိုက်ဂါးပါ ဆော်လဘန်တေသည်ဆိုတော့ မတင်ဥ မခံနိုင်တော့။

"ဟုတ်လား ကြည့်စမ်း၊ တယ်ဆိုးတဲ့ ကလေးမပါကလားဟင်…'

"အေး…ဆိုးသမှလူစီးမီးရထားမိုင်းဖုံးခွဲတာထက် ဆိုးတော့မပေါ့ကွာ"

ထိုအခိုက် ခင်မာဝင်းရုံးကပြန်လာသည်။ လောင်မီးကျသော ဦးလေးနှင့် အဒေါ်ကိုတွေ့သော် အံ့အားသင့်သွားမိသည်။

"ဘယ်လိုတွေဖြစ်နေတာလဲ အန်တီ"

"ဟော့…ဘယ်လိုဖြစ်တယ်ဆိုတာ ညည်းမသိဘူးသေးဘူးလား"

မတင်ဥက အငေါ်တူးလိုက်၏။ ဟုတ်ကဲ့၊ အမျိုးသမီးတို့ဗီဇက တစ်ခုခုကို တိုက်ရိုက်မပြော။ ကွေ့ကာကောက်ကာ ပြောမှ ပါးစပ်ထဲ စီးစီးပိုင်ပိုင် အရသာပေါ်တတ်ကြသည်။

"ဝင်းတော့ ဘာမှမသိတာပါကလား အန်တီ"

"အေး…ဝင်းမသိတာကော ပလေးမသိတာကော အသာထားပြီး ဒီဆယ်ပြား စာစောင်ထဲကကဗျာ ဘယ်သူရေးတယ်ဆိုတာ လက်ဦးပြောစမ်းပါဦး"

ခင်မာဝင်းက ပြောပြောဆိုဆိုနှင့် ကိုမြင့်မောင်ထိုးပေးသောဆယ်ပြား စာစောင်ကို လှမ်းယူ၍ ဖတ်ကြည့်လိုက်သည်။

တိုက်ဂါး

ဒေါ်တင်ဥ ရင်ထုလို့မျက်ရည်ယို။
တိုက်ဂါးခေါ် သူ့ခွေးမွဲ

mgyoe.com

mgyoe.com

ဝဲစွဲလို့ဗျို။
မြင့်မောင်မှာ ချစ်အောင်ကြိုလည်း
ဒီခွေးပြင် မယ်လေးဘယ်မမြင်လို့
ဇမ္ဗူတွင် တစ်ယူစွဲတယ်
ဖွဲနဲ့ဆန်ကွဲ။ ။

သီတာ

ခွေးချောနှင့် ပြိုင်စရာ။
အမ်ကွန်းချိန် ရှာလို့မွေးတယ်
သမီးလေး သီတာ။
တီတီတာ ဆိုပါရဲ့သူ့စကား။
ကြားရသူ နားဝမှာ ဗလောင်ဆူလို့
တဂူဂူ သံမစဲတယ်
လဲလို့သာဖျား။ ။

ဒင်းတို့ကို ကြောက်ညင်ကပ်သူ

"ဟာ...ဒီကဗျာ ဝင်းမရေးဘူး"

"ဒါဖြင့် ဘယ်သူရေးသလဲ"

"ညည်း မုန်လာဥမလုပ်နဲ့။ ဒီခွေးနဲ့ဒီကလေးအကြောင်း ကောင်းကောင်းသိတာ ဒီအိမ်ထဲကလူတွေပဲရှိတယ်။ အဲဒီလူတွေထဲမှာလည်း ညည်းတစ်ယောက်ပဲ ကဗျာရေးတတ်တယ်"

မတင်ဥကတော့ သူလိုသော ဂဲဩမေတြိနည်းနှင့် ခင်မာဝင်းကို မရအရ ဖမ်းနေ၏။

"အို...ဒီကဗျာကို ဝင်းမရေးပါဘူးဆိုနေ"

"ညည်းဘာပဲဖြစ်ဖြစ် တို့လင်မယားက တိုက်ဂါးကို ဂရုစိုက်တာကို မြင်ပြင်းကတ်နေတယ် မဟုတ်လား"

ခင်မာဝင်းက ဘာပြန်ပြောရမှန်းမသိ၊ တွေးတောနေ၏။ သူ့စိတ်ထဲက တိုက်ဂါးအပေါ် မတင်ဥတို့တစ်တွေ အရေးပေးလွန်းသည်ကို မကျေနပ်တာကတော့ မှန်သည်။ ဒါကိုလည်း လိမ်မပြောချင်။

mgyoe.com

mgyoe.com
"ဒီခွေးကို အန်တီတို့ ကယုကယင်လုပ်တာ ကျွန်မနဲ့ ဘာမှမဆိုင်ပါဘူး။ နို့ပေမဲ့ အန်တီတို့ ဂရုစိုက်ပုံက လွန်လွန်းတယ်ထင်တယ်"

"တော်ပြီ...တော်ပြီ၊ ဒီခွေးကို ဂရုစိုက်တာ ညည်း ကြည့်မရမှန်း ရိပ်မိပါတယ်အေ...ရိပ်မိပါတယ်။ ဒါနဲ့ ဒီလို ကဗျာရေးပြီး ခွေးနဲ့ငါ့ကို ပေးစားရလားဟဲ့...ဟင် မိဝင်းရဲ့။ တိုက်ဂါးရေ...အေ တိုက်ဂါး၊ ငါ့သားကြီး ကံဆိုးသကွယ့်"

မတင်ဥက လက်မောင်းနှင့် မျက်လုံးပွတ်ကာ ငိုချင်းချမည်ပြုသဖြင့် ကိုမြင့်မောင်က ချော့ရ၏။ ဒီတော့မှ ပိုဆိုးသွားသည်။

"မငိုပါနဲ့ဥရယ်။ တိုက်ဂါး ကံကောင်းတာပါ၊ ကံဆိုးတာမဟုတ်ဘူး"

ခင်မာဝင်းက အကြီးအကျယ် စိတ်ညစ်သွား၏။

ဖြစ်ပုံပျက်ပုံ အလုံးစုံကို ငိုရကောင်းမလား၊ ရယ်ရကောင်းမလား ပင် မသိတော့။

"ကဲကဲ...အန်တီ ငိုမနေနဲ့၊ ဒီလောက်တောင် မကျေမနပ်ဖြစ်နေ လည်း စမ်းချောင်းက ဝင်းသူငယ်ချင်း ဇင်ဇင်တို့အိမ် ရွှေ့နေမယ်။ တိတ် တိတ်"

ဝင်းက ဖျိုးဖျိုးဖျပ်ဖျပ် သူ့ပစ္စည်းပစ္စယကလေးများ သိမ်းရန် ဝင်သွား၏။

"ကြွ...ကြွ...ကြွတော်မူ။ ကျုပ်နဲ့တိုက်ဂါးနဲ့ နေပုံထိုင်ပုံ မျက်စိစပါး မွေးစူးရင် စူးတဲ့လူကြွ၊ ရှင်ပါ ရောကြွချင် ကြွလိုက်ဦး..."

အစ်မက ငါ့နိုင်တော့ ငါက ကြက်မကြီးနိုင်ဆိုသည့်အပေါက်မျိုးနှင့် မတင်ဥက ကိုမြင့်မောင်ဘက် လှည့်လာသဖြင့် ကိုမြင့်မောင်မှာ အသာအငြိမ် ကုပ်နေရသည်။

× × ×

"ကြွပေ့...ကြွ၊ မနေချင်ကြွ"

ဤကြွသံက အမ်ကွန်းချိန်တို့ဘက်ခန်းက ကြွသံပေတည်း။ အကြောင်းမူကား ဆယ်ပြားစာစောင်ထဲမှ ကဗျာကို အမ်ကွန်းချိန်တွေ့လာသည်။ ဒီကဗျာဟာ လှဖေလက်ချက်ဖြစ်ရမည်ဟု အတပ်စွဲ၏။ နောက်တော့ မောင်နှမချင်း ရန်ဖြစ်ကာ လှဖေက သူ့အမေ ဒေါ်သာလှ ပြောင်းသွား

mgyoe.com

mgyoe.com

သော ကြည့်မြင်တိုင်က သူ့အဒေါ် ဒေါ်သာမြတို့ အိမ်ပြောင်းဖို့ စိတ်စဉ်ရတော့ သည့်တိုင် ဓာတ်ကွက်တွေ နာလာတော့၏။

သားရေအိတ်ဆွဲဆင်းလာသော ခင်မာဝင်းနှင့် အိပ်ရာလိပ်ထမ်းဆင်း လာသော လှဖေတို့ လမ်းထိပ်က ဘတ်(စ်)ကားမှတ်တိုင်တွင် သွားး၍ ဆုံကြသည်။ တစ်ယောက်နှင့်တစ်ယောက် အခန်းချင်းကပ်နေ၍ လူချင်း ရင်းနှီးနေဖို့ ကောင်းလင့်ကစား ယခုထက်ထိ တစ်ယောက်နှင့်တစ်ယောက် စကားစမြည် မပြောဖူးသေး။

လှဖေက ခင်မာဝင်းကိုကြည့်၍ ပြုံးလိုက်ရာ ကိုယ့်အဖြစ်ကို ကိုယ် ရယ်ရကောင်းမလား၊ စိတ်ညစ်ရကောင်းမလား ဝေခွဲမရသေးသော ခင်မာဝင်းပင် ပြုံးမိသွားတော့၏။

"အလကား ဝင်းရယ်၊ သိပ်ရှော်တဲ့ ငတိကြီးတွေ ငတိမကြီးတွေကွ"

ခင်မာဝင်းက ပြုံးနေရသေး၏။ ဘာပြန်ပြောရကောင်းမှန်းမသိ။

"နို့...ဒီကဗျာ ဝင်းရေးတာလား"

"အို...ကြဲကြဲဖန်ဖန်ရှင်"

နောက်မှ ခင်မာဝင်းက လက်ခနဲမျက်လုံးတစ်ချက် ဝင့်ကြည့်လိုက် ပြီး လှဖေအား မေးရှာသည်။

"အစ်ကိုကြီးရေးတာ မဟုတ်ဘူးလားလို့"

"အမှန်ပြောရရင် ဒီကလေးနဲ့ ဒီခွေးအပေါ် အဖြစ်သည်းနေတဲ့ သူတို့ ကို အမြင်ကတ်နေတာတော့အမှန်ပဲ။ ဒီအိမ်ပေါ်က ဆင်းချင်နေတာလည်း ကြာလှပြီ။ ဘယ့်နှယ်ဗျာ တစ်နေ့လာလည်း ဒီခွေး...ဒီကလေး၊ နှစ်နေ့လာ လည်း ဒီခွေး...ဒီကလေးနဲ့။ သူတို့မှာ ဒီ့ပြင်စကားပဲ ပြောစရာမရှိဘူးထင် တယ်။ နားထဲ ငြီးငေါ်နေတာ ကြာလှပြီ။ နို့ပေမဲ့ ဒီကဗျာကို အစ်ကိုကြီး မရေးပါဘူး"

ခင်မာဝင်းက ငါ့အဖြစ်နဲ့ တူလိုက်လေဟု အောက်မေ့နေဆဲ သူတို့ နောက်နားမှ အသံတစ်သံ ကြားရသောကြောင့် အံ့သြထိတ်လန့်သွားကြ သည်။

"ဟဲဟဲ...ဟဲဟဲ ငါရေးတာကွ"

လှည့်ကြည့်လိုက်ကြ၍ သူတို့ တွေ့ရသူကား သခင်ဘိုနီဖြစ်၏။

mgyoe.com

mgyoe.com

"ဖြစ်မှဖြစ်ရလေ ဦးလေးနှယ်ဗျာ။ ဒီကဗျာကို ကျွန်တော်တို့ ရေးပါတယ်စွပ်စွဲလို့ ခုစကားများ ဆင်းခဲ့ကြရပြီ"

"အေး...မင်းတို့အတွက် ငါဝမ်းနည်းပါတယ်ကွာ။ ဖြစ်ပုံက ဒီလိုကွ၊ ငါလည်း သူတို့ခွေးနဲ့ကလေးကလွဲလို့ တစ်လောကလုံး ဘာမှ စိတ်မဝင်စားတဲ့ ဒင်းတို့နှစ်ဦးကို မြင်ပြင်းကတ်တာပဲ။ အဲဒါနဲ့ ဆယ်ပြားစာစောင်က ငါ့မိတ်ဆွေ အယ်ဒီတာကို မနည်းခယဝယလုပ်ပြီး ဒီကဗျာ ထည့်ခဲ့ရတယ်ကွ။ ဟီဟိ...ဟီဟိ အရသာရှိလိုက်တာ။ အယ်ဒီတာက သိပ်ထည့်ချင်တာမဟုတ်ဘူး"

"ခုတော့ ကျွန်တော်တို့ ချောက်ကျနေတာပေါ့"

"အံမာ မင်းတို့က ဟိုအိမ်ပေါ် ပြန်တက်ချင်ကြသေးလို့လား။ ဒီလိုဆို ငါလိုက်ပို့ပေးပါမယ်ဗျား"

"ဟင့်အင်း..."

"ဟင့်အင်း...ဝင်းတော့ မလိုက်ချင်ဘူး"

"ဟဲဟဲ....ဟဲဟဲ...အဲဒီအိမ်ပေါ်က ဆင်းရတာ မင်းတို့ ဝမ်းနည်းစရာမဟုတ်ပါဘူးကွာ။ ပြီးတော့ စိုင်ကော်လို့ ချုပေါ်ရောက်ဆိုသလို မင်းတို့ဖို့ ပိုကောင်းမယ့်အခြေအနေကို ဒင်းတို့တွန်းပို့လိုက်လို့ ဆိုက်လာရတာ ဒင်းတို့မသိသေးဘူး"

"ဘာများပါလိမ့်"

လှဖေကမေးသလို ခင်မာဝင်းကလည်း သခင်ဘိုနီအဖြေကို မော့ကြည့်ရင်း တောင်းရှာ၏။

"ဟ...မင်းတို့နှစ်ယောက် အာဝါဟ ဝိဝါဟ လုပ်လိုက်ရုံပေါ့ကွ၊ ဟား...ဟား...ဟား"

"အို..."

"အယ်...အယ်...ဦးလေးကလည်း"

နှစ်ယောက်သား မမျှော်လင့်သော စကားကြောင့် အာမေဋိတ်သံများပင် ပါးစပ်ထဲမှ ခုန်ပေါက်ထွက်သွားကြသည်။

"ကဲ...ဦးလေးကတော့ နိုင်ငံရေးသမားပီပီ ခပ်တိုတိုခပ်ရှင်းရှင်းပဲ ပြောတတ်တယ်ပေါ့ကွာ။ တခြားလည်း သွားမနေကြနဲ့တော့။ နှစ်ယောက်

mgyoe.com

စလုံး ဦးလေးအိမ် လိုက်ခဲ့ကြ။ ဟိုကျတော့ မင်းတို့ ဘာကြောင့် အာဝါဟ ဝိဝါဟ ပြုသင့်တယ်။ ကာလဒေသပယောဂဆိုတဲ့ အကြောင်းသုံးပါးကို အခြေခံ သုံးသပ်တဲ့အခါမှာ ပြဿနာတစ်ရပ်ရဲ့ မူလဘူတ တရားတွေပါ ထည့်သွင်းဝေဖန်ရုံတင် မကသေးဘူးကွ။ ဒီပြဿနာရဲ့ကာလဟာ ထာဝရ လား၊ ဇင်္ဂမလားလို့ သုံးသပ်ရတာတွေ ဦးလေးပြောပြမယ် လာကြလာကြ"

"အို...ဝင်းတော့ ဇင်ဇင်တို့အိမ်ပဲ သွားမယ်"

ခင်မာဝင်းက ပေတေတေကလေး ရပ်နေသဖြင့် သခင်ဘိုနီက လှဖေ အား မျက်စိတစ်ဖက် မှိတ်ပြလိုက်ရ၏။ ဟုတ်ကဲ့...ဒါမျိုးဆိုတာဟလည်း အောင်သွယ်ဆယ်ခွန်း ပြောတာထက် ကာယကံရှင်တစ်ခွန်းပြောတာက သာစမြဲ မဟုတ်ပါလားခင်ဗျာ။

"ဝင်းရယ်...ဦးလေးတို့အိမ်ပဲ လိုက်ခဲ့ပါကွယ်။ ဦးလေးပြောတာ နားထောင်၊ ဦးလေးဟောမယ့် အိမ်ထောင်ရေး အဘိဓမ္မာကြီးကို ဆင်ခြင် သုံးသပ်ပြီးမှ ဝင်းကျေနပ်သလို ဆုံးဖြတ်ပါ။ အခုခဏတော့ လိုက်ခဲ့ပါဦး ကွယ်...၊ ကဲ အစ်ကိုကြီး ဝင်းသားရေသေတ္တာ ဆွဲခဲ့မယ်နော်"

ပြောပြောဆိုဆို ပလက်ဖောင်းပေါ်ချထားသော သားရေသေတ္တာ ကောက်ကိုင်မည်ပြုသောကြောင့် ခင်မာဝင်းက...

"အို...ဘယ့်နှယ်ပါလိမ့်...ထဘီတွေနဲ့ဖရာ၊ ဝင်း ငရဲကြီးကုန်ပါဦး မယ်"ဟုဆိုကာ သူ့ဘာသာ ကောက်ဆွဲလိုက်သည့်အတွက် သခင်ဘိုနီက...

"ကိုင်း...လူတွေဝိုင်းကြည့်စ ပြုနေပြီကွ။ ရှက်ဖို့ကောင်းတယ်။ လာကြလာကြ၊ အမှန်တော့ မင်းတို့ကိစ္စ ဦးလေးဆောင်ကြဉ်းရတာဟာ ဘာ့ကြောင့်လဲသိလား။ ဒီကိစ္စဟာ ဦးလေးတို့ဆောင်ရွက်သင့် ဆောင်ရွက် ထိုက်တဲ့ ပရဟိတ လုပ်ငန်းကြီးပါကွယ်။ နိုင်ငံရေးအစ ရပ်ရေး ရွာရေးက ဆိုတဲ့ ဆောင်ပုဒ်နဲ့လည်း ကိုက်ညီပါတယ်။ အေး...အေး...ဦးလေးအိမ်မှာ ပျော်သလိုသာနေ၊ ဘာမှအားမနာနဲ့ သိလား။ အဟီး ဦးလေးက ဒီလို အကျိုးများဆောင်ရမယ်ဆိုရင် သိပ်ဝါသနာပါတယ်ကွ...ဟယ်"

သခင်ဘိုနီစကားတပြောပြောနှင့် လျှောက်လာရာက ပါးစပ်ပြဲသွား ဘိ၏။ အကြောင်းမူကား သူကသာ လက်ချာရိုက်လာသည်။ လှဖေနှင့် ခင်မာဝင်းမှာ သူ့စကား နားမထောင်တော့ဘဲ နှစ်ယောက်သား တွတ်ထိုး

mgyoe.com

mgyoe.com

ကြရင်း သူ့ရှေ့ ဝါးတစ်ပြန်လောက်ရောက်သွားနှင့်ကြသောကြောင့် ဖြစ်၏။

"ဟ...နေကြပါဦးဟ။ ငါ့မှာ မတွေ့လိုက်နဲ့၊ တွေ့လိုက်ရင် ငါ့စကားနားထောင်မယ့်သူပဲ မရှိတော့ဘူး။ သူတို့ သန်ရာသန်ရာပဲ ပြောနေကြတော့တာပဲ။ ဒီမှာဖြင့် နင်တို့ ကောင်းစားရေးပြောလိုက်ရတာ ဖတ်ဖတ်ကို မောလို့။ ရရှိုးတဲ့မှပဲ...ဟဲဟဲ..."

မိုးဟိန်း

၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ။ အတွဲ ၉၊ အမှတ် ၁။

❑

mgyoe.com

mgyoe.com

# မောင်သော်ကနှင့် ထူးဆန်းသောမီးခွက်

မောင်သော်က

နှစ်ပေါင်း ၂၀ ကျော် ကြာခဲ့ပြီဖြစ်သော်လည်း ထိုနေ့က ဖြစ်ကြောင်းကိုမူ သေချာစွာမှတ်မိသည်။ မှတ်မိသည့်အကြောင်းရင်းမှာ ထိုနေ့သည် ကျောင်းပိတ်ရက် တစ်ရက်ဖြစ်သောကြောင့်တည်း။

ကျွန်တော်ငယ်စဉ်က လက်ဦးပညာသင်ကြားခဲ့ရာ ကျောင်းတော်မဟာမှာ ရွှေဘိုမြို့ရှိ မာဒါရ်ဆာခေါ် မွတ်စလင် ပညာရေးကျောင်းသာဖြစ်တော့သည်။ မွတ်စလင်ကျောင်းတို့မည်သည်မှာ သောကြာနေ့သည် ကျောင်းပိတ်ရက်ပင်ဖြစ်၏။ ကျောင်းပိတ်ရက်ကို မကြိုက်သော ကျောင်းသား သူငယ်သည် ကျောင်းသားမပီသချေ။ ကျွန်တော်တို့သည် ကျောင်းပိတ်ရက်ကို မျှော်လင့်ခြင်းကြီးစွာဖြင့် ကြိုဆိုကြ၏။ ပိတ်ရိုးပိတ်စဉ် မဟုတ်မူဘဲ ဆရာ ဆရာမတို့၏ မိဘဆွေမျိုးတစ်ဦးဦး ရုတ်တရက် သေဆုံး၍ ကျောင်းတစ်ရက် ပိတ်ပေးခြင်းတည်းဟူသော လာဘ်လာဘကြီးကား ရတောင့်ရခဲဘိခြင်း။

ကျောင်းပိတ်ရက်မှာ စွန့်စားစရာက များလှသည်။ အိမ်ကလူကြီးများ လစ်လျှင် လစ်သလို ပျော်စရာကောင်း၏။ မူးသို့သွား၍ ရေချိုးနိုင်သည်။ မူးဆိုသည်မှာ ရွှေဘိုမြို့တောင်ဘက်ရှိ ပေ ၁၀၀ သာသာမျှ

mgyoe.com

mgyoe.com
ကျယ်ပြန့်လျက် ရှည်လားသော တူးမြောင်းဖြစ်သည်။ မူးကို ဖြတ်ကူးထားသော စစ်ကိုင်း ရွှေဘိုသွား ကားလမ်းတံတားပေါ်မှ တင်ဖေ၊ တင်ရွှေ၊ တင်ငွေ၊ ကျော်အေး၊ ကျော်ညွန့်၊ ချစ်ရွှေစသော ဇာတ်လိုက်ကျော်ကြီးများ၏ ဒိုင်ဗင်၊ ဖိုက်တင်၊ ရှေ့ကျွမ်း၊ နောက်ကျွမ်း စသည်တို့ကို ကျွန်တော်တို့တစ်တွေသည် ဖောဖောသီသီကြီးစတန့်ပြခဲ့ကြသည်။ "ရဲခေါင်ချစ်ရွှေကွ" "ကျော်အေးကွ"ဟူ၍ ဟစ်အော် အားပေးကြသော လက်ခုပ်သံများကြားမှ တံတား လက်ရန်းပေါ်တက်ပြီး ဒိုင်ဗင်ထိုးချလိုက်ရာတွင် လှပသပ်ရပ် သက်သာစွာကျသည်မှာ နည်း၍ ခြေကားယား လက်ကားယား ဖြင့် 'ပြန်း'ခနဲ ကျောစပ်သွားအောင် ပက်လက်ကျသည်က တစ်ဖုံ၊ ဘေးစောင်းကျ၍ မျက်နှာတစ်ခုလုံး ရဲသွားကာ ဇက်ကြီးစောင်းနေသည်က တစ်နည်းဖြင့် စတန့်ဇာတ်လမ်းထွင်ခဲ့ကြသည်။ သုသာန်အနီးရှိ တဝုန်းဝုန်း ကျနေသော ရေကျော်ကို နိုင်ရာဂါးရား ရေတံခွန်တမျှ ကျွန်တော်ထင်ခဲ့ပေသည်။

မူးသို့မသွားလိုလျှင် သက်ကယ်တန်းချောင်းသို့ ဆီးသီးခူးသွားနိုင်သည်။ သက်ကယ်တန်းချောင်းမှာ မြို့အရှေ့ဘက်ရှိ ချောင်းကောကြီးဖြစ်သည်။ ချောင်းရိုးတစ်လျှောက် ဆီးချုံများထူထပ်လှသည့်အတွက် ဆီးသီးပေါ်ချိန်မှာ သက်ကယ်တန်းချောင်းသည် ကျွန်တော်တို့၏ ပစ်ကနစ်စခန်း ဖြစ်တော့သည်။ ဆီးသီးကို အဝအပြဲစားသောက်ကာ သက်ကယ်တန်း ချောင်းရိုးမှ ချောင်းတွင်း သဲမြေပြင်သို့ ဒိုင်ဗင်ထိုးထည့်၍ လက်ကျိုး ဇက်ကျိုးကျဆုံးခဲ့ရသော နောင်တစ်ခေတ်၏မဖြစ်လာသည့် ဇာတ်လိုက်လောင်းလျာကြီးများအားလည်း ဤစာတို့ဖြင့် ဂုဏ်ပြုအပ်ပါ၏။

မြားမြောင်လှစွာသော ကျောင်းပိတ်ရက်တို့၏ စွန့်စားခန်းများ အနက်မှ ထိုတစ်ခုသော ကျောင်းပိတ်ရက်တွင် ကျွန်တော်သည် မူးသို့သော်လည်းကောင်း၊ သက်ကယ်တန်းချောင်းသို့သော်လည်းကောင်း မသွားဖြစ်ခဲ့။ ဘာ့ကြောင့်ဟူ၍တော့ သေချာစွာ မမှတ်မိတော့။ ကျွန်တော့် ညီကြောင့်မို့ဟုသာ ထင်သည်။

ကျွန်တော့်ညီမှာ ၈ နှစ်သားသာသာမျှ ရှိသေး၍ ကျွန်တော့်အသက်မှာ ထိုစဉ်က ၁၂ နှစ်သားမျှသာ ရှိသေး၏။ ကျွန်တော် သွားလေရာနောက်
mgyoe.com

mgyoe.com
သို့ ကျွန်တော့်ညီသည် အရိပ်ပမာ တကောက်ကောက် လိုက်လေ့ရှိသည်။ သို့လိုက်ခြင်းကို ကျွန်တော်က လုံးဝမလိုလားချေ။ သူ့ကြောင့် ကျွန်တော် မကြာခဏ ချောက်ကျခဲ့ရသည်။ အိမ်ကမိဘများ မသိသင့်သော ကိစ္စများ မှာလည်း သူ့ကြောင့် သိရှိကုန်ကာ ကျွန်တော်တို့နှစ်ဦးစလုံးမှာ ဖခင်၏ လက်စွဲတော် မန်ကျည်းခက်သေးသေးဒဏ်ချက်အောက်ဝယ် သံကုန် ဟစ်အော်ငိုရင်း ကော့နေအောင် ခံစားခဲ့ဖူးလှလေပြီ။ သို့ကြောင့် ကျွန်တော့် ညီလိုက်မည်ဆိုလျှင် ကျွန်တော်သည် သွားရန်အစီအစဉ်ကို ခေတ္တဖျက်ကာ အိမ်တွင်သာမယောင်မလည် လုပ်နေလေ့ရှိ၏။

သူလစ်သည်နှင့်တစ်ပြိုင်နက် ကိုယ်ရောင်ဖျောက်ကာ သူငယ်ချင်း အပေါင်းအဖော်များနှင့် တစ်နေကုန်ရွှင်မြူးဆော့ကစားရသည်မှာ ပျော်ဖွယ် အတိ။

နံနက်စာစားပြီးသည်အထိ အိမ်နားတစ်ဝိုက်တွင်သာ မယောင် မလည် ကစားနေသည်။ ဒေါ်စော၏နောက်ဖေးဝင်းတွင်းမှ မြက်ပင်များ ပင် ဖုံးလွှမ်းစပြုနေသော ဖို့ဒ်ကားအစုတ်ကြီးပေါ်တွင် သန်းတင့်၊ ခွေးနီ၊ ခွေးမောင်၊ ဖူလ်ဂျုန်းတို့နှင့်အတူ စတီယာကိုလှည့်ကာမျှနှင့် စိတ်ကူးမောင်း နှင်ခဲ့သည်မှာ ကမ္ဘာတစ်ပတ်ပင်မက ခရီးပေါက်ခဲ့ပေသည်။

ကျွန်တော့်ညီကို မျက်ခြည်ဖြတ်ရန် ကြိုးပမ်းမှုမှာ အချည်းနှီးသာ ဖြစ်ခဲ့ရသည်။ သူကလည်း ခံရပေါင်းများပြီမို့ ကျွန်တော့်အား လုံးဝ အပျောက်မခံဘဲ တကောက်ကောက်သာ လိုက်နေတော့သည်။

ကျွန်တော်တို့အိမ်၏ မြောက်ဘက်အိမ်မှာ သံဆိုင်ကြီးတစ်ခု ဖြစ် သည်။ ပိုင်ရှင် ကုလားကြီး၏အမည်မှာ မဂန်းကြီးဟု ခေါ်ကြ၏။ မည်သို့ သော အမည်ဖြစ်သည်ကိုမူ ကျွန်တော်မသိချေ။ မဂန်းကြီးနှင့် ကျွန်တော် တို့၏အိမ်ကြား အိမ်ရှေ့ဥပစာကလေးကိုအမှီပြုနေသော ကွမ်းယာ ဆိုင်ကလေးတစ်ဆိုင်ရှိ၏။ ဆိုင်ရှင်ကုလား၏အမည်ကို ကျွန်တော် သေချာစွာ မမှတ်မိတော့သော်လည်း ကျွန်တော်တို့ ညီအစ်ကို နှင့်အစဉ် တစောင်းစေးနှင့် မျက်ချေးပမာဖြစ်ခဲ့သည်ကြောင့် ယခုအထိ ကျွန်တော် သူ့ကိုကောင်းစွာ သတိရဆဲ ဖြစ်သည်။

မဂန်းကြီးသံဆိုင်နှင့် ကျွန်တော်တို့ အိမ်၏ကြား ကွမ်းယာဆိုင်၏
mgyoe.com

နောက်ဘက်ကြားကလေးမှာ အနှစ်နှစ်က စုပုံထားသော သံတိုသံစများ၊ ပစ္စည်းဟောင်းများဖြင့် ပြည့်နေပေသည်။ အိမ်ကြားကလေးမှာ မည်သူမျှ အသုံးမပြုသော်လည်း အိမ် ၃ အိမ်လုံးမှ ပစ္စည်းအဟောင်းများ စွန့်ပုံရာ အရပ် ဖြစ်နေတော့၏။ ကျွန်တော်တို့အိမ်မှ စွန့်ရာပစ္စည်းများမှာ စက်ဘီး ပစ္စည်းအဟောင်းများနှင့် အခြားအိမ်သုံးပစ္စည်း အတိုအစများ ဖြစ်သည်။

ကျွန်တော်သည် အိမ်ကြားကလေးတွင်းသို့ ဝင်လာခဲ့သည်။ ညီတော် မောင်မှာ နောက်မှ ထက်ကြပ်လိုက်ပါလာ၏။ ကျွန်တော်တို့သည် သံတို သံစ တောက်တိုမယ်ရ ပစ္စည်းများကြား၌ လျှောက်ကာ ဝေ့ဒစ်စနေ၏ သာမောဖွယ် နယ်မြေသို့ အိပ်မက်တွင်း ဝင်ရောက်သွားသည့် သူငယ်ပမာ ပစ္စည်းဟောင်းတစ်ခုပြီးတစ်ခု စုံစမ်းကြည့်ရှုနေကြသည်။ လူကြီးများ အသုံးမလို၍ ပစ်ထားသည့်ပစ္စည်းတချို့မှာ ကလေးများအတွက် ရတနာ ဖြစ်တတ်ချေ၏။ လက်နှိပ်ဓာတ်မီးဟောင်း၊ ဘိုင်စကယ်မီးခွက်ဟောင်းများ မှာ ကျွန်တော်တို့၏ဓာတ်ရှင် (ဓာတ်ရှင်ဆိုသည်မှာ ရုပ်ရှင်ကို ခေါ်ကြောင်း အောက်သူအောက်သားများ သိစေလို)ပြစက်အတွက် အဖိုး မဖြတ်နိုင်သော ပရိဂျက်တာများ ဖြစ်ကြသည်။ ကျွန်တော့်ညီသည် ဓာတ်ရှင်ပြစက်(အမှန် အားဖြင့်မူ ဓာတ်သေပြစက်ဟု ခေါ်သင့်သည်။) တည်ဆောက်ရာ၌ ပါရဂူ ပင်ဖြစ်၏။

ပစ္စည်းအတိုအစများကို ကြည့်နေရာမှ ချောင်တစ်နေရာတွင် မီးခွက် အိုတစ်လုံးကို ကျွန်တော် သတိပြုမိသည်။ မီးခွက်မှာ 'လာလဒင် မီးခွက်' ဟု ကျွန်တော့်မိခင်က ခေါ်လေ့ရှိသော မီးခွက်အဟောင်းတစ်လုံးပင် ဖြစ်၏။ လာလဒင်မီးခွက်ဟု ငယ်စဉ်က မိခင်ခေါ်၍ သိရှိခဲ့သော်လည်း အမှန်မှာ အာလာဒင်မီးခွက်ဟူ၍လည်းကောင်း၊ သင်္ဘောပေါ်တွင် ဟာရီကိန်း မီးခွက် ဟူ၍လည်းကောင်း ခေါ်ဆိုကြသော လသာမှန်အိမ်ပင် ဖြစ်သည်။

မှန်အိမ်မှာ မည်မျှကြာအောင်သုံးစွဲခဲ့ပြီးမှ ဤသုသာန်မြေသို့ ရောက်နေသည်မသိ။ မှန်ပြောင်းမရှိတော့သည်သာမက ကြေးညှော် အထပ်ထပ်တက်၍ မူရင်းအရောင်ပင် မသိနိုင်တော့လောက်အောင် ဟောင်း နွမ်းစုတ်ပြတ်လျက် ရှိချေပြီ။

ကျွန်တော်သည် မှန်အိမ်ကို လဲလျောင်းနေရာချောင်အတွင်းမှ

mgyoe.com

mgyoe.com
အတန်အလင်းရောင်ရှိရာသို့ ဆွဲထုတ်လာခဲ့သည်။ ဤမီးခွက်ကို ဘာ့ကြောင့်စွန့်ပစ်ထားကြသနည်း။ ကျွန်တော် သိလိုသည်။ သုံး၍ရကောင်း ရဦးမည်ထင်၏။

မှန်အိမ်ကိုင်းမှာ အကောင်းအတိုင်းပင် ရှိသေးသည်။ မှန်ပြောင်းထည့်ရာ သံကွန်ချာမှာ ဘေးသို့တိမ်းငဲ့စောင်းကျနေသည်။ ပြန်လည်တည့်မတ်ကြည့်ရာ ခွင်ကျပင်ဝင်သည်။ ကျွန်တော် အတော်ဝမ်းသာသွား၏။ မှန်ပြောင်းထိန်းသည့် အအုပ်ကို ဆွဲမကြည့်ရာ ကောင်းစွာမလိုက်၊ တစ်ချက်ချက် ကပ်နေသည်။ သံချေးများကြောင့် ဖြစ်နိုင်၏။ ဒါလောက်ကိုမူ ကျွန်တော်ပြုပြင်နိုင်ပေသည်။

ရေနံဆီထည့်သည့်အိုးမှ အဖုံးဝက်အူရစ်ကို လှည့်ချွတ်ကြည့်သည်။ အဖုံးမှာ ကျပ်လှ၏။ တုတ်တုတ်မျှမလှုပ်၊ ကျွန်တော်က အင်္ကျီအောက်စကို ဘောင်းဘီတွင်းမှ ဆွဲထုတ်လိုက်ပြီး အင်္ကျီအောက်နား ပိတ်သားခံလျက်နှင့် ဖိကိုက်ပြီး တအားလှည့်ဖွင့်ကြည့်သည်၊ မဖြုံ။ သံချေးများကြောင့်ပင် ဖြစ်မည်။ ကျွန်တော့်မျက်စိဝယ် ဖခင်၏အလုပ်သေတ္တာတွင်းမှ ပလာယာနှင့် သံညှပ်ကြီးကို မြင်ယောင်မိသည်။ ဤပစ္စည်းများ၏ အကူအညီဖြင့်ဆိုသော် ဘောက်မယ့်မရနိုင်စရာရှိသနည်း။

ထို့နောက် ကျွန်တော်၏လက်ချောင်းများသည် မီးစာအမြင့်အတင်ပြုသည့်သံပိုင်းကလေးပေါ်သို့ ရွေ့လျားသွားသည်။ မီးစာမြင့်ခြင်း၊ ချခြင်းကို ပြုလုပ်ကြည့်သည်။ ကျွန်တော့်ရင်တွင်း ဟာခနဲ ဖြစ်သွားတော့၏။ မီးဇာမြင့်ချသည့် ခလုတ်ပိုင်းကလေးမှာ အထိန်းအကွပ်မရှိဘဲ သွက်သွက်ခါအောင် လည်တော့သည်။ မီးခွက်တစ်ခုလုံးကို တစ်ပိုင်းစီစစ်ဆေးလာရာ တစ်စထက်တစ်စ စိတ်ကျေနပ်မှု မျှော်လင့်မှုရနေပါလျက် ဤခလုတ်ကျကာမှ ပျက်စီးခြင်းမလှ ပျက်စီးနေသည်ကို တွေ့ရသောအခါ မျှော်လင့်ချက်ပျက်သုဉ်းရတော့သည်။ မီးစာထိန်းခလုတ်၏ အချက်အချာဖြစ်သော ခွေးသွားစိတ်ချော်နေသည့် စက်ကိရိယာ ချွတ်ယွင်းချက်မှာ ၁၂ နှစ်သား သူငယ်တစ်ယောက်အတွက် မဖြေရှင်းနိုင်သည့် ပြဿနာကြီး ဖြစ်တော့သည်။ ကျွန်တော်သည် စိတ်ပျက်လက်လျှော့စွာဖြင့် မီးစာထိန်းခလုတ်ကိုသာ မဲလှည့်နေသည်။ စိတ်ပျက်သည်ဆိုသော်လည်း လှည့်ဆဲတွင်ပင်လျှင်
mgyoe.com

mgyoe.com
နောက်တစ်ချက် ကောင်းလာနိုးဟူသော မျှော်လင့်ချက်ကလေးကို မစွန့်လွှတ်သေး။

ခလုတ်ကိုလှည့်နေသော ကျွန်တော်၏လက်ချောင်းကလေးများ အတွေ့ဝယ် ခလုတ်ကိုလှည့်နေရသည်နှင့်မတူ၊ ထူးခြားသော အတွေ့တစ်ခု ဝင်လာသည်။ ထိုအတွေ့ကို ကျွန်တော်ကြိမ်ဖန်များစွာ တွေ့ဖူးသည်။ အဘယ်သောအခါက တွေ့ဖူးသည်ကို မသေချာသေးသော်လည်း ရင်းနှီးသော အတွေ့ဖြစ်ကြောင်းကိုမူ အတွင်းစိတ်က သိနေပေသည်။

ဟုတ်ပြီ၊ အလင်းရောင်တစ်ခုသည် ကျွန်တော်၏ဦးနှောက်တွင်း ဖျတ်ခနဲဝင်လာသည်။ "ဟာ...မဟုတ်တာဘဲ၊ မဖြစ်နိုင်ပါဘူး"ဟူသော ဆင်ခြေပေးချက်ဖြင့် အသိကိုပယ်ဖျက်ကြည့်ပေသေးသည်၊ မရချေ။ အိမ်ကပေးသော ကျောင်းမုန့်ဖိုး တစ်ပြားကို ကျွန်တော့်ဘောင်းဘီ ညာဘက်အိပ်တွင်ထည့်ကာ လက်မ၊ လက်ညိုး။ လက်ခလယ်တို့ဖြင့် ထိန်းလျက် နှစ်သိမ့်စွာ ကစားဖူးသည်။ ဤအတွေ့နှင့် တစ်ထေရာတည်းပင် ယခု လက်တွင်းဝယ် တွေ့နေသည်။

ကျွန်တော်သည် မီးခွက်အိုကို ပိုမိုအလင်းရောင်ကောင်းရာဆီသို့ ကသောကမျောဆွဲယူလာကာ မီးစာထိန်းခလုတ်ကို သေချာစွာ စူးစမ်းကြည့်လိုက်သည်။ ကျွန်တော့်ရင်တွင်း၌ ဝမ်းသာခြင်းအဟုန်သည် အလုံးကြီးပမာ တက်လာသည်ကို ဖိချုရမှန်းပင်သတိမရတော့။ ကျွန်တော့်ညီကို ဟစ်ခေါ်လိုက်မိသည်။ ကျွန်တော့်ညီသည် သူ၏တွေ့ရှိချက်ပစ္စည်းများကိုချကာ ကျွန်တော့်ထံပါးရောက်လာသည်။ ကျွန်တော်က မီးခွက်မှ မီးစာထိန်းခလုတ်ကို သူသေချာစွာ မြင်နိုင်ရန် ထောင်ပြလိုက်သည်။ သူ့မျက်လုံးလေးများမှာ လက်လာလျှက်...

"ဟာ...ပိုက်ဆံတစ်ပြားပါလားအစ်ကိုရေ"ဟူသော အာမေဋိတ်သံကို ကျွန်တော် နားဝင်ပီယံဖြစ်စွာ ကြားလိုက်ရတော့သည်။

မီးခွက်၏မီးစာထိန်းခလုတ်မှာ ထိုစဉ်က တစ်ပြားဟုခေါ်သည့်ကြေးနီပိုက်ဆံတစ်ပြား ဂဟေစွဲတပ်ဆင်ထားသည်ကို ထူးဆန်းစွာ တွေ့ရတော့၏။ ပိုက်ဆံတစ်ပြားမှာ ကျွန်တော်တို့၏ တစ်နေ့စာကျောင်းမုန့်ဖိုးပင် ဖြစ်သည်။ ကျောင်းပိတ်သည့်နေ့တွင် ပိုက်ဆံတစ်ပြားရရန် ကြံဖန်ဖြစ်ပေါ်
.mgyoe.com

mgyoe.com
လာသောကိန်းမှာ ရတနာရွှေမိုးကို သောက်ချိုးရတော့မည့်ကိန်းပင်တည်း။

ထူးဆန်းသော မီးခွက်ဟောင်းတွင် အနှစ်နှစ်အလလ ကိန်းအောင်းနေသော ရတနာကို အရဖြုတ်ယူရန် စီစဉ်ရတော့သည်။ ကျွန်တော်တို့သည် မီးခွက်ကို ခေါင်းထောင်၊ ဖင်ထောင်၊ အမျိုးမျိုး အဘက်ဘက်မှ လှန်လှောကြည့်ရှုရာတွင် ပိုက်ဆံပြား ဖြုတ်ရန်မှာ မီးစာထိန်း ခွေးသွားစိပ်သို့ ဆက်ထားသော အတံကို သံစို့နှင့်ရိုက်ဖျက်မှသာလျှင် မီးခွက်မှခွာရနိုင်မည်ဖြစ်ကြောင်းကို သိရသည်။

သံစို့နှင့်သံတူမှာ ဖခင်ကြီး၏အလုပ်သေတ္တာတွင်း၌ ရှိသည်ကို ကျွန်တော်တို့ သိသည်။ ထို့ကြောင့် ကျွန်တော်က ညီဖြစ်သူအား–

"ဟေ့...မင်းသွားပြီး ပါပါ့သေတ္တာထဲက စို့နဲ့တူတစ်ချောင်းယူခဲ့။ ငါဒီကစောင့်နေမယ်"

"ဟာ...အစ်ကိုကလည်း ကျွန်တော်..."

"ဘာလဲ မင်း မုန့်မစားချင်ဘူးလား။ ဒါဖြင့်နေ"

ကျွန်တော်က ထန်လိုက်ရာ သူသည် မသွားချင် သွားချင်နှင့် ထသွားတော့သည်။ သူမသွားချင်သည်ကို ကျွန်တော် သိ၏။ ကျွန်တော်တို့ ဖခင်သည် သူ့အလုပ်သေတ္တာတွင်းမှ ပစ္စည်းများ ကျွန်တော်တို့ ဆော့ယူကစားသည်ကို တွေ့မြင်ပါက ခပ်စပ်စပ်တီးလေ့ရှိ၏။ ထို့ကြောင့် ပစ္စည်းယူဆဲမိ၍ အတီးခံရလျှင် ကျွန်တော့်ကို အတီးခံရခြင်းထက် ကျွန်တော့်ညီ အတီးခံရခြင်းက ကျွန်တော့်အတွက်သက်သာမည်ဖြစ်ခြင်းကြောင့် ယင်းစေတနာအရ သူ့ကို အခက်အခဲအပိုင်းတာဝန်ပေးခြင်းပေတည်း။

အတန်ကြာသော် စို့တစ်ချောင်းနှင့်တူတစ်လက်ကိုင်ကာ သူပြန်လာ၏။ ကျွန်တော်တို့သည် မီးအိမ်ကို သံလမ်းပျက်တစ်ခုပေါ်တင်ကာ သူက ကိုင်ပေးထားစဉ် ကျွန်တော်က စို့နှင့်ရိုက်ဖြုတ်သည်။ ၄–၅ ချက်မျှ ရိုက်လိုက်သည်ဆိုလျှင်ပင် မီးစာထိန်းခလုတ်မှာ မီးအိမ်မှ ခန္ဓာကွဲလာတော့သည်။ ကျွန်တော်တို့သည် ပြတ်ထွက်၍ လွင့်စဉ်သွားသော မီးစာထိန်းခလုတ်ကလေးကို အငမ်းမရ လိုက်ကောက်ကြသည်။ မီးအိမ်ကိုမူ ကျွန်တော်တို့ စိတ်ဝင်စားခြင်း မရှိကြတော့ချေ။

ယခု ဒုတိယပြဿနာ ရင်ဆိုင်ကြရပြန်သည်။ မီးစာထိန်းခလုတ်
mgyoe.com

mgyoe.com
ဘီးသဖွယ် တပ်ဆင်ထားသော ကြေးနီပိုက်ဆံပြားကလေးမှာ မီးအိမ်မှ ကင်းကွာလာပြီဖြစ်သော်လည်း သူတစ်ဦးတည်းမဟုတ်မူဘဲ မီးစာမြှင့်သော အတံကလေးက အလယ်ဗဟိုတွင် တန်းလန်းစိုက်ပါလျက်ပင် ရှိသေး၏။ မီးစာထိန်းခလုတ်ဘီးမှ ကြေးနီပိုက်ဆံတစ်ပြား သန့်သန့်ဖြစ်ရန်မှာ ထိုအတံလေးနှင့် ကြေးနီပိုက်ဆံဆက်စပ်ထားသော ဂဟေကို ဖြုတ်ရပေဦးမည်။ ထို ဒုတိယအဆင့် အခက်အခဲအတွက် ကျွန်တော်တို့ နှစ်ဦးလုံး ပူးပေါင်းဖြေရှင်းကြရသည်။

ကျွန်တော်တို့သည် မီးဖိုချောင်ရှိရာသို့ အရိပ်အခြည်ကြည့်ကာ ဝင်လာခဲ့ကြသည်။ အမေမှာ မီးဖိုတွင်း၌ပင် မရှိချေ။ ဟင်းအိုးတစ်လုံးကို မီးကျီးခဲရဲရဲဖြင့် ခပ်မျှင်းမျှင်း နှပ်ထားခဲ့ပြီးနောက် တစ်ဖက်ရှိ ဒေါ်တဲတို့ အိမ်ဘက်ကူးကာ လေကန်ကောင်းနေဆဲဖြစ်၏။ ဖခင်မှာ အိမ်ရှေ့၌ အလုပ်များနေခိုက်ဖြစ်သည်။ အချိန်အခါကောင်းပင် ဖြစ်၏။ ကျွန်တော်တို့ သည် မီးစာထိန်းခလုတ်ဘဝမှ ချက်မကြွေသေးသော ကြေးနီပိုက်ဆံပြား ကို မီးကျီးခဲများအလယ်တွင် ဂရုတစိုက် ဖြုတ်ချလိုက်သည်။ မီးရှိန်ပြင်း ပြင်းရစေရန်အတွက် ကျွန်တော်က မီးပြောင်းဖြင့်လည်းကောင်း၊ ညီတော် မောင်က ယပ်တောင်တစ်ချောင်းဖြင့်လည်းကောင်း တဟူးဟူးမှုတ်ကာ မီး ပြင်းတိုက်ကြသည်။ လွင့်ပျံတက်လာသော ပြာများ၊ တဖောက်ဖောက် ပေါက်သောမီးသွေး မီးပေါက်များသည် ကျွန်တော်တို့၏ အဂ္ဂိရတ်လုပ်ငန်း ကို ဟန့်တားနှောင့်ယှက်ခြင်းငှာ မတတ်နိုင်ကြ။ မီးဖိုတွင်း၌ မီးခိုးတလုံး လုံးဖြစ်၍ ကျွန်တော်တို့ ဘိုကေစုတ်ဖွားပေါ်တွင် ပြာမှုန့်အလိမ်းလိမ်း ဖုံးနေသည်ကိုလည်း သတိမမူနိုင်။ ခေတ္တမျှကြာသော် ကြေးပိုက်ဆံနှင့် သံချောင်းကလေးမှာ ရဲရဲနီလာသည်တွင် ကျွန်တော်က မီးညှပ်ဖြင့် ဆွဲထုတ် ကာ ညီတော်မောင်က မီးပြောင်းဖြင့် ကြေးပိုက်ဆံကို ရိုက်ချလိုက်သည်။

ချွင်ခနဲဟူသော ကြည်လင်သာယာသည့်အသံလေးနှင့်အတူ ကြေး ပိုက်ဆံကလေးသည် မီးစာအူတိုင်မှ ချက်ကြွေကျကာ လိမ့်ဆင်းသွားတော့ သည်။ ကျွန်တော်သည် ဝမ်းသာအားရစွာဖြင့် ပိုက်ဆံသန္ဓေသားကို မီးညှပ် ဖြင့်ကောက်ယူကာ နီးရာရေအင်တုံတစ်ခုတွင်း၌ နှစ်လိုက်၏။ 'ရှဲ'ဟူသော မြည်သံနှင့်အတူ ကြေးပိုက်ဆံသန္ဓေသားသည် တေဇောဓာတ်အလုံးမှ ကင်း
mgyoe.com